# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၂၁)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အထူးရထားဖြင့် လိုက်ပါကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# လမ်းပန်းဆက်သွယ်ရေးသည် စီးပွားဖွံ့ဖြိုးမှုနှင့်နိုင်ငံသားများ၏လူမှုဘဝမြှင့်တင်နိုင်

# မုံရွာမှ ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးမြို့အထိ တစ်ဆက်တစ်စပ်တည်းသွားလာနိုင်မည့်

# ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင် ဖွင့်ပွဲအခမ်းအနား ကျင်းပ

# ဘက်စုံဖွံ့ဖြိုးရေးအထောက်အကူပြု တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းမကြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူ ဖောက်လုပ်တည်ဆောက်ပြီးစီးသွားသည့် ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲတွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ကျောကျေးရွာရှိ ကျောဘူတာ ဥပစာရှေ့ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ပုံညာတောင်ဥမင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊

စာမျက်နှာ ၇ ကော်လံ ၁ ✡

**ပုံညာတောင်ဥမင်**

ပုံညာတောင်ဥမင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

29-1 (01) 1 3/25/1905, 8:20 PM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

# နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများ အကောင်အထည်ဖော်နေ

ယနေ့အချိန်အခါသည် နိုင်ငံတော်အတွင်း နယ်မြေဒေသ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုများ ရရှိလာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူတို့၏ လူနေမှုဘဝ မြင့်မားလာလျက် ရှိသည်။ နိုင်ငံတော်က နယ်ပယ်ကဏ္ဍစုံ တိုးတက်အောင်မြင်မှုများရရှိရေး အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာတွင် လျှပ်စစ်ကဏ္ဍလည်း ပါဝင်ပေသည်။ လျှပ်စစ်ကဏ္ဍသည် လူနေမှုဘဝ မြင့်မားတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ အရေးပါလျက် ရှိပေသည်။

နိုင်ငံတော်က လျှပ်စစ်ကဏ္ဍကို ပိုမိုကျယ်ပြန့်စွာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကြီးများချမှတ် ဖော်ဆောင်လျက် ရှိသည်။

ထိုစီမံကိန်းကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ထမံသီ ရေလှောင်တမံနှင့် ရေအားလျှပ်စစ် စီမံကိန်းကို ဟုမ္မလင်းမြောက်ဘက် မိုင် ၃၀ ခန့်အကွာ တဇုန်းကျေးရွာအနီး ချင်းတွင်းမြစ်ပေါ်၌ တည်ဆောက်လျက် ရှိသည်။

အဆိုပါ ဘက်စုံစီမံကိန်းသည် စိုက်ပျိုးမြေဧက ၁၀သိန်းကျော်ကို အကျိုးပြုသွားမည့်အပြင် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၁၂၀၀ ကိုပါ ထုတ်လုပ်ဖြန့်ဖြူးသွားရန် စီမံထားသော ဘက်စုံအကျိုးပြု စီမံကိန်းပင် ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်က တည်ဆောက်နေဆဲဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်ပေးနိုင်မည့် အကြီးစား ဘက်စုံစီမံကိန်းတစ်ခုလည်း ဖြစ်သည်။

ချင်းတွင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် ထမံသီ ရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းအပြင် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၅၂၀ ထုတ်ယူရရှိမည့် မော်လိုက်ရေအားလျှပ်စစ် စီမံကိန်းနှင့် မဂ္ဂါဝပ် ၆၀၀ ထုတ်ယူရရှိနိုင်မည့် ရွှေစာရေး ရေအားလျှပ်စစ် စီမံကိန်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက် မြင့်မားရေးသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မရှိမဖြစ် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို အလုံအလောက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံကိန်းကြီးများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်နှင့် ဌာနာရပ်ကွက်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ရန်ကုန်မြို့တွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် သွေးလွန်တုပ်ကွေးနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး ပညာပေး

ရန်ကုန် ဇန်နဝါရီ ၂၈

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ယမန်နေ့ နံနက်၆နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ ရောက်ရှိပြီး ပြည်သူလူထုပူးပေါင်းပါဝင်သည့် ကျန်းမာရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်း ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက်မြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါ ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

### ပံ့ပိုးဖြည့်ဆည်းပေး

ဆက်လက်၍ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက တိုင်း၊ ခရိုင်၊ မြို့နယ်များ၌ နှစ်အလိုက်၊ လအလိုက်သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှုန်း လျော့ချနိုင်မှုအခြေအနေ၊ ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် အလုံမြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့်မြို့တော်ဝန်တို့က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြသည်။

### လိုက်လံကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်နှင့် ဌာနာရပ်ကွက်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်ကျန်းမာရေး ပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်တိုင်းမှူးသည်ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ရေး လုပ်ငန်းများ၊ သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ သဃ်န်းကျွန်းမြို့နယ် ကမာကြည်လမ်းတစ်လျှောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး ပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၇
(တနင်္လာနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | အနှိုင်းမဲ့မီးတရားတော် (အရှင်ဆန္ဒာဓိက)(အပိုင်း-၁) |
| ၈:၀၅ | သဘာဝကပေးတဲ့အကျိုး အာနိသင် |
| ၈:၂၀ | လှည်းယာဉ်တော် |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | ကြည်လင်ဝင်းပသဘာဝ ဆေးစွမ်းအလှ |
| ၈:၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၀ | မြန်မာစာမြန်မာစကား |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အသည်းရောဂါဆိုင်ရာ ပြဿနာများ) |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | အရိပ်ကောင်း၏အေးမြ ရှင်သန်ခြင်းအလှ |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၀ | Yangon Panorama (Designer Latt Latt) (Solo Art Fashion) |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | ပျော်ရွှင်မှုကိုခံစားစေမည့် ဘက်စုံကစားကွင်းဆီ |
| ၁၁:၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၀၀ | အမျိုးသားကန်တော်ကြီးဥယျာဉ် (သဘာဝငှက်ဥယျာဉ်) |
| ၁၂:၂၀ | ကုန်ပစ္စည်းမိတ်ဆက် |
| ၁၂:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂:၄၅ | ပိုးသတ်ဆေးများကိုအကျိုးရှိရှိ ထိရောက်အောင်သုံးစွဲနည်း |
| ၁၂:၅၀ | တေးဂီတအစီအစဉ် |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၀၇
(တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၅ | ၄။ | ကြည်နူးနားဆင်ပြုံးပျော်ရွှင် |
| ၄:၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၄၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၇။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** အပိုင်း(၃) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | မေးမြန်းစူးစမ်း |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) အပိုင်း(၁၈) |

### ရှင်းလင်းတင်ပြ

**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင် ရှင်းလင်းတင်ပြစဉ်။**

(သတင်းစဉ်)

● **ကျောဖုံးမှ**

ရှေးဦးစွာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေး အနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းပြီးကြိုတင်ပြင်ဆင်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း။

**ကြိုတင်စီမံ**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို နေရာသစ်ဖြစ်သည့် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ လုပ်ငန်းတိုင်း နေရာတိုင်းတွင် အသွင်သစ်ဖြင့် အောင်အောင်မြင်မြင်၊ ချောချောမွေ့မွေ့ ကျင်းပနိုင်ရန်လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်လျက်ရှိသည်မှာ တစ်လခန့်ရှိပြီဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးက တစ်လတာကာလအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့်လုပ်ငန်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပေါင်းစပ် ညှိနှိုင်းပေးရန် လိုအပ်သည့် လုပ်ငန်းများ၊ ဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

**ယှဉ်တွဲနေထိုင်**

မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုကြီးအတွင်း ရှေးပဝေသဏီကပင် အေးအတူပူအမျှအစဉ်ထာဝရယှဉ်တွဲနေထိုင်လာခဲ့ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးမှာ ပြည်ထောင်စုစိတ်ဓာတ်သည် အဓိကပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက်ပြည်ထောင်စုစိတ်ဓာတ်ထာဝရ ရှင်သန်ထက်မြက်စေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေဖို့လိုကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်**

ယင်းရည်မှန်းချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရ ရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့်ဆပ်ကော်မတီအသီးသီးက တာဝန်ယူထားသည်နှင့်အညီအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပဏာမပြောကြားသည်။

ယင်းနောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာကိစ္စ၊ ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် စစ်ရေးပြအခမ်းအနား ပြင်ဆင်ထားရှိမှု အခြေအနေ၊ ကိုယ်စားလှယ်များ ဖိတ်ကြားရေးကိစ္စ၊ ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးကိစ္စ၊ ပြည်ထောင်စုနေ့ လှုံ့ဆော်ရေး မြေစိုက်ပိုစတာများ စိုက်ထူရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသောဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးသီချင်းများ၊ ကဗျာများနှင့် ဆောင်းပါးများ လွှင့်ထုတ်ပေးနေမှု၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြည်ထောင်စုနေ့အပြီးတွင်အများပြည်သူသို့ တိုင်းရင်းသား ယဉ်ကျေးမှုအကများ ကပြတင်ဆက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းတို့က ဘဏ္ဍာရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကျန်းမာရေး၊ လုံခြုံရေး၊ ကျွေးမွေးရေး၊ ငွေကြေးသုံးစွဲမှုတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။**

**၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။**

**၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။**

**၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။**

**၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို အမှတ်(၃၇)ရပ်ကွက် အရဏ်ဦးစာကြည့်တိုက်ရှေ့တွင် ဇန်နဝါရီ၁၇ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## ယခုနှစ် ဖေဖော်ဝါရီလ မိုးလေဝသအခြေအနေ

**ရန်ကုန် ဇန်နဝါရီ ၂၈**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာမည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် သုံးရက် မှငါးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တစ်ရက်မှနှစ်ရက်ခန့် နေရာကွက်ကျား မိုးရွာနိုင်သည်။

**ညအပူချိန်**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက် ပိုင်းတို့တွင် ဖြစ်မြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းများတွင် ဖြစ်မြဲခန့်သာရှိသည်။

**မြူအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့်မန္တလေးတိုင်းတို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် သုံးရက်မှငါးရက်ခန့် နံနက်ပိုင်း၌ မြူထူများ ဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ၃၀(တစ်ပေခန့်)နှင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင်၁၅စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့်ဟင်္သာတမြို့တို့၌ စင်တီမီတာ၃၀(တစ်ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် စင်တီမီတာ၃၀(တစ်ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ကြေညာချက်ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

## ဝိနယာသီသ(ဝိနည်း) စာမေးပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ကြည့်မြင်တိုင် မြို့နယ်လုံးဆိုင်ရာ တတိယအကြိမ် ဝိနယာသီသ(ဝိနည်း) စာမေးပွဲကြီးကို မြို့နယ်သံဃနာယက အဖွဲ့ကကြီးမှူး၍ သာစုပရိယတ္တိစာသင်တိုက် ရွှေညဝါပညာ့ဗိမာန်ကျောင်း၌ ဖေဖော်ဝါရီ ၃ရက်နှင့် ၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

စာအောင် ဆုနှင်းသဘင်ကို ဖေဖော်ဝါရီ၁၀ရက်(စနေနေ့)နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး စာဖြေသံဃာတော်များအား လှူဒါန်းလိုသူများသည် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဥက္ကံသ (သာစုပရိယတ္တိစာသင်တိုက်) ဖုန်း-၅၁၂၀၆၆၊ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီဟ (ရွှေညဝါပညာ့ဗိမာန်) ဖုန်း-၅၁၀၅၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ်ဖြန့်ချီ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၅)တွင် မြန်မာစပီရှုလိုင်းနားက အိပ်ချ်အိုင်ဗွီ၊ ရေယုန်နှင့်တုပ်ကွေး ဗိုင်းရပ်စ်များပြန့်ပွားမှုထိန်းချုပ်နိုင်၊ ခေတ်နှင့် လျော်ညီသော မော်တော်ယာဉ်ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းရန်စီစဉ်၊ နိုင်ငံတကာ အသိအမှတ်ပြု ဗေဒင်ပညာသင်တန်းကျောင်း ပေါ်ထွက်လာရန်ကြိုးပမ်းနေ၊ တက္ကသိုလ်ဝင်တန်းအောင်ရုံဖြင့် စင်ကာပူနိုင်ငံရှိ Queen- sfield School တွင် တက်ရောက်နိုင်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များသည် နိုင်ငံခြားသားနှင့် ကမ္ဘာလှည့်ခရီးသည်များ၏ ထူးခြားသော လုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည်၊ လမ်းကြောင်းသုံးသွယ်ဖြင့် ဖောက်ခွဲရေးအဖွဲ့များ လွှတ်နိုင်ပြည်သူများ အထူးသတိပြုစောင့်ကြည့်ရန် နှိုးဆော်စသည့် ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ရှိတာလေးထုတ်သုံး ချိုတာလေးရွေးဝယ်' အားကစားဆောင်းပါးနှင့် အတူ ကမ္ဘာ့အရှားပါးဆုံး တိရစ္ဆာန်များအား မျိုးထိန်းရန် သိပ္ပံပညာရှင်များ စီစဉ်၊ အမျိုးကောင်းသားဆယ်ဦးကို အမျိုးသမီးများက ရွေးချယ်ပွဲ တရုတ်နိုင်ငံ၌ စတင်၊ ပြည်မကြီးမှ လာရောက်မီးဖွားသူများကို ဟောင်ကောင်က စနစ်သစ်ဖြင့် တင်းကျပ်၊ ပေါက်တော၌ ဝိတ်လျှော့မိသူ ရတနာသန်းကျော်ဖိုးဆုံးရှုံး၊ ဟောင်ကောင်ဈေးကွက် အာရှ-ပစိဖိတ်၌ ဒုတိယအကောင်းအမြင်ဆုံးစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

# တပ်ဖွဲ့ဝင်များ၏ အသက်ဖြင့် သမ္မတဘုရှ် နိုင်ငံရေးကစားနေ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ စွပ်စွဲပြောကြား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

**အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည့် သမ္မတဘုရှ်၏အစီအစဉ်ကို ပွင့်ပွင့်လင်းလင်း ဝေဖန်သူ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပေလိုဆီသည် ဘဂ္ဂဒက်သို့ ဇန်နဝါရီ ၂၆ရက်က ရောက်ရှိလာသည်။**

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌသည် အမေရိကန်အမတ်ခြောက်ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ အီရတ်သို့ လာရောက်ခြင်းဖြစ်ကြောင်းအမေရိကန် သံရုံးအရာရှိတစ်ဦးကပြောကြားသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ သစ်သီးခြံစောင့်သော ခွေးဝဝ ကောင်ကို မျိုချထားသည့် စပါးကြီးမြွေအား ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**စွပ်စွဲ**

သမ္မတဘုရှ်သည် အမေရိကန် တပ်ဖွဲ့ဝင်များ၏ အသက်များဖြင့် နိုင်ငံရေးကစားနေသည်ဟု ဖီးစ်နန်စီက စွပ်စွဲထားသည်။

လူကြိုက်နည်းသည့် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန်ပြည်သူတို့ စိုးရိမ်ကြောင့်ကြဖြစ်မှုကို သမ္မတဘုရှ်က လျစ်လျူရှုနေကြောင်း ယခုရက်သတ္တပတ် ဘုရှ်၏ နိုင်ငံတော်အခြေပြမိန့်ခွန်းပြောအပြီးတွင် ဖီးစ်နန်စီက ဝေဖန် ထောက်ပြလိုက်သည်။

ကိုယ်စားလှယ်အဖွဲ့တွင် အီရတ်စစ်ပွဲအပေါ် အမေရိကန်အစိုးရ၏ ကိုင်တွယ်ပုံကို အကြီးအကျယ်ဝေဖန်သူ ပင်ဆဲဗေးနီးယားပြည်နယ် ဒီမိုကရက်တစ်အမတ် ဂျွန်အာသာလည်း လိုက်ပါလာသည်ဆို၏။

**အမ်အင်န်အေ၊ရိုက်တာ**

# ခွေးဝဝကောင်ကို မျိုချခဲ့သည့် စပါးကြီးမြွေ မလေးရှားနိုင်ငံ၌ ကျေးရွာသားများက တွေ့ရှိ

ကွာလာလမ်ပူ ဇန်နဝါရီ ၂၈

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ သစ်သီးခြံစောင့်သော ခွေးဝဝကောင်ကို မျိုချခဲ့သော ၂၃ပေရှည်လျားသည့် စပါးကြီးမြွေကြီးတစ်ကောင်ကို ရွာသားများက တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။**

မိမိသည် အလွန်ကြီးမားသည့် စပါးကြီးမြွေ တစ်ကောင်ကို တွေ့ခဲ့ကြောင်း၊ ယင်းမြွေကြီးသည် ခွေလိုက်သည့်အခါ တင်းနစ်ကွင်း အရွယ်အစားမျှ ကြီးမားပြီး လုံးပတ်မှာလည်း ကြီးမားသောသစ်ပင်တစ်ပင်၏ ပင်စည်မျှ ဖြစ်ကြောင်း အဆိုပါ သစ်သီးခြံစောင့်သူ အလီယူဆွပ်က နယူးစထရိတ်တိုင်း(မ်)သို့ ပြောကြားသည်။ ကျေးရွာသားများသည် အဆိုပါမြွေကြီးအား ဘေးအန္တရာယ်မပြုဘဲ ဘေးကင်းရာ တောနက်ထဲသို့ မောင်းထုတ်ခဲ့သည်ဟု ဇန်နဝါရီ ၂၆ရက်က ၎င်းသတင်းစာ၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

# အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ အိမ်ပြန်ပို့ စစ်ပွဲနှင့်ပတ်သက်ပြီး မည်သည့်ပြည်သူမျှမထောက်ခံ အမေရိကန်မြို့ကြီးများ၌ ထောင်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြ

ဝါရှင်တန် ဇန်နဝါရီ ၂၈

**"အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ အိမ်ပြန်ပို့"ဟူသော ကြွေးကြော်သံများ သံပြိုင်ဟစ်ကြွေးကာ ဝါရှင်တန်မြို့တွင် ဇန်နဝါရီ ၂၇ရက်က စစ်ပွဲဆန့်ကျင်သူ ထောင်ပေါင်းများစွာက စုပေါင်းဆန္ဒပြခဲ့ကြသည်။** (ဝဲအောက်နှင့်အောက်ပုံ)

**တိုက်တွန်း**

အဆိုပါ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် အမေရိကန်စစ်ပြန်စစ်မှုထမ်းဟောင်းများ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ ဥပဒေရေးဆွဲသူများ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များနှင့်အနုပညာရှင်များပါဝင်ခဲ့ကြပြီး အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးနှင့် စစ်ပွဲရန်ပုံငွေများသုံးစွဲမှုရပ်ဆိုင်းရန် သမ္မတဘုရှ်နှင့် အမေရိကန်ကွန်ဂရက်အား တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

**ဆန္ဒပြ**

ထောင်ပေါင်းများစွာသော ဆန္ဒပြသူများသည် ဝါရှင်တန် မြို့တွင်းလမ်းများ၌ ချီတက်ဆန္ဒပြကာ အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဆန့်ကျင်ကြွေးကြော်သံများ ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြသလို အီရတ်စစ်ပွဲ၌ သေဆုံးသွားခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ မိသားစုရုပ်ပုံများကို ကိုင်ဆောင်ကာ လှည့်လည်ဆန္ဒပြခဲ့ကြသည်။

**တောင်းဆို**

ထို့အပြင် တချို့ကလည်း အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၏ ယူနီဖောင်းအပြည့်အစုံပါ ခေါင်းတလားဓာတ်ပုံကြီးကို ကိုင်ဆောင်ဆန္ဒပြကာ အမေရိကန်တပ်ဖွဲ့ဝင်များ အိမ်ပြန်ပို့ရန် တောင်းဆိုခဲ့ကြသည်။

**ဆန္ဒပြ**

ထိုကဲ့သို့ အီရတ်စစ်ပွဲနှင့် တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှုအပေါ် ကန့်ကွက် ဆန္ဒပြမှုများကို အမေရိကန်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများဖြစ်သော လော့စ်အိန်ဂျလိစ်နှင့် ဆန်ဖရန်ဆစ္စကိုမြို့များ အပါအဝင် အခြားနေရာများစွာ၌ ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

**ပေးပို့**

ဆန္ဒပြသူများသည် စစ်ပွဲနှင့်ပတ်သက်၍မည်သည့်အမေရိကန်နိုင်ငံသားများကမျှမထောက်ခံကြောင်း ကန့်ကွက်လွှာတစ်စောင်ကို အမေရိကန် ကွန်ဂရက်နှင့် သမ္မတဘုရှ်တို့ထံသို့ ပေးပို့ကြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# ပြည်တွင်းရေးဝင်စွက်ဖက်လျှင်နှင့်ထုတ်မည် အမေရိကန်သံအမတ်အား ချာဗက်ဇ်သတိပေး

**ကရာကတ် ဇန်နဝါရီ ၂၈**

ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဝီလျံဘရောင်းဖီးလ်အနေဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်စွက်ဖက်လျှင် ပြည်နှင်ဒဏ်ပေးခံရမည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ခြိမ်းခြောက်လိုက်သည်။

**သတိပေး**

ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းလျှင် ဗင်နီဇွဲလားအစိုးရအနေဖြင့် လျော်ကြေးပေးရမည်ဖြစ်ကြောင်း အမေရိကန်သံအမတ်ကြီး ဘရောင်းဖီးလ်က ဇန်နဝါရီ ၂၅ ရက်က ပြောကြားပြီး ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အထက်ပါအတိုင်း သတိပေးလိုက်ခြင်း ဖြစ်သည်ဟု ဆို၏။

**ပိုမိုတင်းမာ**

ဗင်နီဇွဲလားနိုင်ငံရှိ အမေရိကန်ကုမ္ပဏီများအပါအဝင် ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းမည်ဖြစ်ကြောင်း လက်ဝဲဝါဒီသမ္မတချာဗက်ဇ်က အခိုင်အမာ ပြောကြားလိုက်သည့်အတွက် ဗင်နီဇွဲလား-အမေရိကန်ဆက်ဆံရေးမှာ ယခုလအတွင်း ပိုမိုတင်းမာသွားသည်။

ပြီးခဲ့သည့်နှစ်ကလည်း သံတမန်များ အပြန်အလှန်နှင်ထုတ်ခြင်းဖြင့်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးမှာ အောက်ဆုံးသို့ ရောက်ရှိသွားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အီရတ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရန်လို လော့စ်အိန်ဂျလိစ်မြို့တော်ဝန် တိုက်တွန်းပြောကြား

**လော့အိန်ဂျလိစ် ဇန်နဝါရီ ၂၈**

အမေရိကန်တို့အနေဖြင့် အီရတ်ပြည်သူများ ထိခိုက်နစ်နာအောင် စစ်ပွဲဆင်နွှဲခဲ့ကြောင်း၊ အီရတ်နိုင်ငံနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် အသစ်တစ်ရပ်ချမှတ်ရန် လိုအပ်ကြောင်း၊ အင်အားအသုံးပြုမှုအပေါ် ပြန်လည်သုံးသပ်သင့်ကြောင်း အမေရိကန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် လော့အိန်ဂျလိစ်မြို့၏ မြို့တော်ဝန်က ဇန်နဝါရီ ၂၇ရက်က တိုက်တွန်းပြောကြားသည်။

**အင်အားနည်း**

မိမိတို့နိုင်ငံတစ်ဝန်းရှိ လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင် ထောင်ပေါင်း များစွာအား အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်နေခြင်းမှာ သဘာဝဘေးအန္တရာယ်များနှင့် အခြားသောဘေးဒုက္ခများအတွက် ဖြေရှင်းရန် အင်အားနည်းပါးသွားစေခဲ့ကြောင်း လော့အိန်ဂျလိစ်မြို့တော်ဝန် အင်တိုနီရိုဗီလာရာဂိုဆာက ဒီမိုကရက်တစ်အပတ်စဉ်ရေဒီယိုမှ ပြောကြားသည်။

**ဖိအားပေး**

အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်သို့ထပ်မံစေလွှတ်ရေး သမ္မတဘုရှ်၏ အစီအစဉ်သည် အနာဂတ်ကာလတွင် အမေရိကန် အမျိုးသားလုံခြုံရေးတပ်ဖွဲ့အတွက် ဖိအားပေးမှုတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်တစ်ဦးဖြစ်သည့် လော့စ်အိန်ဂျလိစ်မြို့တော်ဝန်က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

## စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းပတ်အတွင်းဖြစ်ပွားခဲ့သော ထူးခြားသတင်းဖြစ်ရပ်များကို မြန်မာ့အလင်း ပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

**ဇန်နဝါရီ ၂၂ ရက်**

– အိန္ဒိယနိုင်ငံ၏ အိုင်တီဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ၂၀၁၀ ပြည့်နှစ်တွင် အိုင်တီထုတ်ကုန်များမှ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ဖိုးအထိ ရရှိလာမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံက သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

– နာဆာသည် ၂၀၀၉–၂၀၁၁ ခုနှစ်များအတွင်း ဆိုယုဇ်အာကာသယာဉ် ခြောက်စင်းနှင့် ပရောဂရက်စ်အာကာသယာဉ် ခြောက်စင်း တည်ဆောက်ပေးရေးအတွက် ရုရှား အာကာသ အေဂျင်စီ ရော့စ်ကော့စ်မော့စ်နှင့် စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

**ဇန်နဝါရီ ၂၃ ရက်**

– ဝက်သက်ရောဂါတိုက်ဖျက်ရေးနှင့် ကာကွယ်ရေးအစီအစဉ်အဖြစ် ကမ္ဘာတစ်ဝန်းတွင် ကလေးငယ်များ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့မှုကြောင့် ကလေးငယ် ၇ ဒသမ ၅ သန်းခန့်ကို အသက်ကယ်တင်နိုင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းမှ ကလေးငယ် သန်း ၃၆၀ ကျော်အား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

– တရုတ်နိုင်ငံ၏ အင်တာနက်သုံးစွဲမှု တစ်ရှိန်ထိုးမြင့်မားလာခဲ့ရာ ၂၀၀၆ ခုနှစ်အထိ အင်တာနက် သုံးစွဲသူ ၁၃၈ သန်းရှိနေပြီး လာမည့် ၂၀၁၀ ပြည့်တွင် သန်း ၁၉၀ ရှိမည်ဟု ခန့်မှန်းထားရာ ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲသူ အများဆုံးနိုင်ငံအဖြစ် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

**ဇန်နဝါရီ ၂၄ ရက်**

– အိန္ဒိယနိုင်ငံသည် ဇီဝဒီဇယ်ထုတ်လုပ်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၆၅၆ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး လာမည့် နှစ်နှစ်အတွင်း ဇီဝဒီဇယ်ကို စီးပွားဖြစ်ရောင်းချနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက သတင်းထုတ်ပြန်သည်။ လာမည့် ငါးနှစ်အတွင်း အိန္ဒိယနိုင်ငံ ဒီဇယ်သုံးစွဲမှု၏ ငါးရာခိုင်နှုန်းကို ဇီဝဒီဇယ်ဖြင့် အစားထိုးမည်ဖြစ်သည်။

– ဂျာမနီနိုင်ငံမှ ဖောက်စ်ဝက်ဂွန်းကုမ္ပဏီ၊ ပြင်သစ်မှ ပီးဂေါ့မော်တော်ယာဉ်ကုမ္ပဏီတို့က မလေးရှားနိုင်ငံမှ ပရိုတွန် မော်တော်ကားကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်မှုများပြုရန် ဆွေးနွေးမှုများ စတင်ပြုလုပ်တော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ ထို့အတူ ဂျင်နရယ်မော်တော်ယာဉ်ကော်ပိုရေးရှင်း(ဂျီအမ်)ကလည်း ပူးပေါင်းလုပ်ဆောင်ရန် ကြိုးစားလျက်ရှိရာ ကမ္ဘာပေါ်တွင် မော်တော်ယာဉ်လုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ရန် အကြီးကျယ်ဆုံး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇန်နဝါရီ ၂၅ ရက်**

– ကမ္ဘာ့မြေပြင်အထက် ၅၃၇ မိုင်အကွာ ဂြိုဟ်ပတ်လမ်းကြောင်းရှိ တရုတ် မိုးလေဝသ ဂြိုဟ်တုဟောင်းတစ်ခုကို မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးပျံတစ်စင်းဖြင့် တရုတ်တို့က ပစ်ခတ်ဖြိုခွင်းနိုင်ခဲ့သည်။ တရုတ်တို့၏ ကာကွယ်ရေးဆိုင်ရာစနစ်များ ခေတ်မီဆန်းသစ်နေသည်ကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

– အရှေ့အာရှဒေသရှိ နိုင်ငံများအနေဖြင့် စွမ်းအင်ပြဿနာများဖြေရှင်းနိုင်ရန်အတွက် ပူးတွဲရေနံထုတ်လုပ်ရေးစီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း၊ စွမ်းအင်အရင်းအမြစ်သစ်များ အသုံးပြုနိုင်ရေးအတွက် ပူးပေါင်းရှာဖွေလုပ်ကိုင်ကြရန် တောင်ကိုရီးယားသမ္မတ နိုမူဟွန်းက တိုက်တွန်းလိုက်သည်။

**ဇန်နဝါရီ ၂၆ ရက်**

– ရုရှားနိုင်ငံသည် အီရန်နိုင်ငံသို့ လေကြောင်းကာကွယ်ရေးစနစ်သုံး တော်–အမ်ဝမ်း ပဲ့ထိန်းဒုံးကျည်များကို ရောင်းခဲ့ကြောင်း၊ ယင်းသို့ရောင်းချရာတွင် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ဖိုးရှိကြောင်း၊ တော်–အမ်ဝမ်းသည် ပစ်မှတ်ပေါင်း ၄၈ ခုကို တစ်ပြိုင်နက်တည်း ရှာဖွေနိုင်ပြီး ပစ်မှတ်နှစ်ခုကို အလိုအလျောက်ပစ်ချပေးနိုင်ကြောင်း၊ မြေပြင်မှ မီတာ ၆၀၀၀ အထိ မြင့်သောနေရာမှ ပစ်မှတ်ကို ကောင်းစွာပစ်ခတ်နိုင်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီး အီဗာနော့ဗ်က ပြောကြားသည်။

– တရုတ်နိုင်ငံ၏ မော်တော်ကားဈေးကွက်သည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်လာကြောင်း၊ ယင်းမှာ ၂၀၀၆ ခုနှစ်အတွင်းက တရုတ်နိုင်ငံ၌ မော်တော်ကားရောင်းချမှုမှာ ၃၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး မော်တော်ယာဉ်အစီးရေ ၅ ဒသမ ၁၈ သန်းအထိ ရောင်းချခဲ့ရ၍ ဖြစ်ကြောင်း၊ ထိုနှုန်းအတိုင်း ဆက်လက်မြင့်တက်ခဲ့လျှင် ၂၀၁၅ ခုနှစ်မတိုင်မီ ကမ္ဘာပေါ်တွင် အကြီးမားဆုံး မော်တော်ကားဈေးကွက်မှာ တရုတ်နိုင်ငံဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

**ဇန်နဝါရီ ၂၇ ရက်**

– လာမည့် ၂၀၁၂ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည်ဖြစ်ရာ အားကစားကွင်း၊ အားကစားရုံများကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း၊ အိုလံပစ်သမိုင်း၌ အကြီးကျယ်ဆုံး အားကစားပွဲတော်ကြီးအဖြစ် မှတ်တမ်းတင်ခံရရေး ကြိုးစားဆောင်ရွက်သွားမည်ဟု လန်ဒန် အိုလံပစ်ပြိုင်ပွဲကျင်းပရေးကော်မတီက သတင်းထုတ်ပြန်သည်။

– တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်မှ ပြင်သစ်နိုင်ငံ ပါရီမြို့တော်သို့ တိုက်ရိုက်လေကြောင်း ပျံသန်းမှု စတင်လိုက်သည်။ ခရီးသွားများ၏ တောင်းဆိုမှုအရ ပုံမှန်လေကြောင်းခရီးစဉ်ကို အပတ်စဉ် တစ်ပတ်လျှင်သုံးရက် ပျံသန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

**ဇန်နဝါရီ ၂၈ ရက်**

– ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အာဖရိကသို့ ငါးရက်ကြာခရီးစဉ် စတင်လိုက်သည်။ ၎င်းသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံများသို့ သွားရောက်မည်ဖြစ်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး တာဝန်ထမ်းဆောင်ချိန်မှစတင်ကာ ဘန်ကီမွန်း၏ ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်သည်။

– ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပီရှာဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၄ ဦးထက်မနည်း သေဆုံးပြီး၊ ၃၀ ခန့်ဒဏ်ရာရရှိခဲ့ရာ နှစ်ရက်အတွင်း လူသေဆုံးမှု အများဆုံး ဗုံးပေါက်ကွဲမှုဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ။

(အင်တာနက်)

## ယာဉ်သွားလာမှုများပြားသော လမ်းမကြီးများအနီးမှ ကလေးငယ်များ အဆုတ်ဖွံ့ဖြိုးမှုထိခိုက်ပြီး ပန်းနာရောဂါများဖြစ်ပွားနိုင်

မော်တော်ယာဉ်သွားလာမောင်းနှင်မှု များပြားသော လမ်းမကြီးများအနီးတွင် နေထိုင်ကြသော ကလေးငယ်များအနေဖြင့် ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေကြောင်း၊ အထူးသဖြင့် ကလေးငယ်တို့၏ အဆုတ်ဖွံ့ဖြိုးမှုကို ရပ်တန့်စေကြောင်း တွေ့ရှိရသည်ဟု အမေရိကန်သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

**အဆုတ်ထိခိုက်**

မော်တော်ယာဉ်များ အသွားအလာများပြားသော လမ်းမကြီးများမှ မီတာ ၅၀၀ အတွင်း နေထိုင်သော မိသားစုများ၏ ကလေးငယ် ၃၆၇၇ ဦးကို ဆန်းစစ်သုတေသနပြုခဲ့ရာမှ ကလေးငယ်များ၏ အဆုတ်ကို ထိခိုက်မှုဖြစ်စေသည်ဟု သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ထို့အတူ မော်တော်ယာဉ်အသွားအလာများသော လမ်းမကြီးများအနီးမှ နေ၍ စာသင်ကျောင်းများသို့ နေ့စဉ်သွားလာကြသော ကလေးများသည်လည်း ထိုသို့သော အဆုတ်ထိခိုက်ရမှုကို ဖြစ်ပေါ်စေကြောင်း ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

**ပန်းနာရောဂါ**

ထိုသို့ဖြစ်ရခြင်းမှာ မော်တော်ယာဉ်များမှထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုဒ်များကြောင့်ဖြစ်ပြီး ၎င်းတို့က ကလေးငယ်များ၏ အဆုတ်သို့ အချိန်များစွာဝင်ရောက်ခြင်းကြောင့် အဆုတ်ကို ထိခိုက်စေသည့်အပြင် ပန်းနာရောဂါများကဲ့သို့သော အဆုတ်ဝေဒနာများ ခံစားရခြင်းဖြစ်သည်ဟု အဆိုပါ သုတေသနပညာရှင်များက ပြောကြားသည်။ **(ကိုးကား–အင်တာနက်)**

**အင်တာနက်သတင်းနှင့်ဓာတ်ပုံ**

## မြန်မာ့ရုပ်မြင်သံကြား

**၂၉–၁–၂၀၀၇ ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ Grammar made Easy
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၄:၅၀ ၁။ **၂၀၀၇ခုနှစ် (၅၂)ကြိမ်မြောက် ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့်တိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) [ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ]**
၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၇:၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
၁၇:၁၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၃၀ ၅။ **“အလံလေးတော့ကိုင်ပြပါ”** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၇။ ညနေခင်းသတင်း
၁၈:၁၀ ၈။ မိုးလေဝသအခြေအနေ
၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“တောတွင်းသားငယ်လေး”** (အပိုင်း–၄၆)
၁၈:၄၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၁၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ညီမ ငယ်ပါသေး”** (အပိုင်း–၁၁)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“တကယ်သဘောကျတယ်”** (အပိုင်း–၁၉)
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

# နွေစပါးစိုက်ဧက တိုးချဲ့နိုင်ရေး အစွမ်းကုန်ဆောင်ရွက် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ်များ စနစ်တကျလိုက်နာ

နေပြည်တော် ဇန်နဝါရီ ၂၈

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် ပျဉ်းမနားခရိုင်အတွင်း နွေစပါးစိုက်ပျိုးရေးအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

## စိုက်ဧကတိုးချဲ့

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် အဖွဲ့ဝင်များနှင့်အတူ ညနေ ၃ နာရီခွဲက ပျဉ်းမနားမြို့နယ် ရေဆင်းကျေးရွာရှိ ရေဆင်းရေလှောင်တမံ၏ လက်ယာ မြောင်းမကြီး မြောင်းခွဲကို ရောက်ရှိရာ ရှေးဦးစွာ ပျဉ်းမနားခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က မြောင်းခွဲ ၁ နှင့် ၂ ရေပေးဝေမှု နည်းစနစ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ရေအလေအလွင့်နည်းပါးအောင် ပေးဝေရေးနှင့် နွေစပါးစိုက်ဧက တိုးချဲ့နိုင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

## ရေသွင်းမှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကျွန်းရောင်းကျေးရွာအနီး လက်ယာ ၁ မြောင်းခွဲမှ ရေပေးဝေမှုနှင့် လယ်ကွက်အတွင်းသို့ ရေသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းရောင်း၊ ကြို့ပင်ဆိပ်၊ ရွှေသင်ဖြူး၊ ရွှေပေး၊ ရှားပင်ဆိပ်နှင့် သပြေပင်ကျေးရွာတို့မှ တောင်သူများနှင့်တွေ့ဆုံ၍ နွေစပါးစိုက်ပျိုးရေးတွင် ဆည်ရေကို စနစ်တကျသုံးစွဲရေး၊ စိုက်ပျိုးနည်းစနစ်များ၊ စနစ်တကျလိုက်နာဆောင်ရွက်၍ နွေစပါးတစ်ဧက ပျမ်းမျှတင်း ၁၂၀ ကျော်ထွက်ရေး၊ နိုင်ငံတော်မှ ပံ့ပိုးပေးမည့် ဓာတ်မြေဩဇာများကို အလေအလွင့်မရှိအောင် သုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားပြီး တောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## နွေစပါးစိုက်ပျိုးမှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရေဆင်းရေလှောင်တမံ၏ လက်ဝဲ မြောင်းမကြီးမှ ရေပေးဝေမှုအခြေအနေနှင့် စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ နွေစပါးကို တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရေဆင်းရေလှောင်တမံမှ ယခုနှစ်တွင် လက်ယာမြောင်းခွဲ အမှတ် ၁ မှ နွေစပါး ၁၈၇၁ ဧက၊ လက်ယာမြောင်းခွဲ အမှတ် ၂ မှ နွေစပါး ၂၅၄၆ ဧက၊ လက်ယာမြောင်းမကြီး၏ လက်တံမှ ၁၇၄ ဧက၊ လက်ဝဲမြောင်းမှ ၁၃၃၅ ဧက၊ ရေဆိုးပင်းတားမှ ၂၇၅ ဧက စုစုပေါင်းဧက ၆၃၀၀ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ဖြည့်ဆည်းပေး

ဆက်လက်၍ တိုင်းမှူးသည် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု၊ ပုရွက်ဆိတ်ကုန်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံ လက်တံမြောင်း အမှတ် ၆၊ လက်တံခွဲ ၂ မှ ဆည်ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဧကတစ်သောင်းစိုက်မည်

ယခုနှစ် နွေစပါးတွင် ငလိုက်ရေလှောင်တမံမှ ပျဉ်းမနားမြို့နယ်တွင် ဧက ၈၄၀၀ နှင့် လယ်ဝေးမြို့နယ်တွင် ဧက ၁၆၀၀ စုစုပေါင်းဧက ၁၀၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

## ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် လယ်ဝေးမြို့နယ် ရှမ်းရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပျဉ်းမနားခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်ဌေးက လယ်ဝေးမြို့နယ် ရှမ်းရွာ၊ ဗွက်ကြီးရိုး၊ ဇီးဖြူတန်း၊ ရေကာ၊ ဘိုကတော်နှင့် မြောင်းမြကျေးရွာတို့၌ နွေစပါးဧက ၁၅၀၀ စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

## ပန်းတိုင်အထွက်နှုန်း

ထို့နောက် တိုင်းမှူးသည် လယ်ဝေးမြို့နယ် ရေကာ၊ ရှမ်းရွာ၊ ဇီးဖြူတန်း၊ ဗွက်ကြီးရိုး၊ မြောင်းမြ၊ ဘိုကတော်၊ အလယ်ကျွန်း၊ လက်ပံတန်း၊ ဆီဆုံကုန်းနှင့် ပုံချီကျေးရွာများမှ တောင်သူများနှင့် တွေ့ဆုံ၍ ပျဉ်းမနားခရိုင်တွင် တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးမြို့နယ်တို့တွင် မိုးစပါးစိုက်ပျိုးခဲ့ရာ တစ်ဧကပျမ်းမျှ ၁၀၀ ဒသမ ၃၈ တင်းနှုန်းဖြင့် ပန်းတိုင်အထွက်နှုန်း ရရှိခဲ့ကြောင်း၊ ယခုစိုက်ပျိုးမည့် နွေစပါးစိုက်ဧက ၃၂၅၀၀ တွင် တစ်ဧကပျမ်းမျှတင်း ၁၂၀ နှုန်းထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ၏ ဒေသဝမ်းစာ ဖူလုံမှုမှာ ၁၇၇ ဒသမ ၄၇ ရာခိုင်နှုန်း ဖြစ်လာမည်ဖြစ်ကြောင်း၊ နွေစပါးကို ရေအလေအလွင့်နည်းစွာဖြင့် စိုက်ပျိုးရန်နှင့် အခြေအနေပေးပါက နွေစပါးကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးသည့် ယူရီးယားမြေဩဇာကို အလေအလွင့်မရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိုးစပါး၊ နွေစပါးအပြင် ပျဉ်းမနားခရိုင်တွင် စိုက်ပျိုးလျက်ရှိသည့် မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်း၊ ဝါနှင့် ကြံတို့ကိုလည်း ပန်းတိုင်အထွက်နှုန်း စံပြဧက ၁၀၀ စီကို ရာသီမီသည့်အချိန်ကစ၍ မြို့နယ်အလိုက် စီမံဆောင်ရွက်ကြရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး တောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းရွာ လျှပ်စစ်မြစ်ရေတင်သည့် နေရာသို့ သွားရောက်ပြီး ၂၀ ကျူးဆက် ကွေ့လင်းပန့်သုံးလုံးဖြင့် ပေါင်းလောင်းမြစ်မှ ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးသည် ပေါင်းလောင်းမြစ်မှ သံပွန်းတွန်းသို့ ပေ ၃၅၀ အရှည် ရေခေါ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ပျဉ်းမနားခရိုင်တွင် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးတွင် ဆည်ရေဖြင့် ၃၀၇၉၈ ဧက၊ ချောင်းပိတ်မြောင်းပိတ်ဖြင့် ၁၅၂ ဧက၊ ရေစုပ်စက်ဖြင့် ဧက ၅၀၊ လျှပ်စစ်မြစ်ရေတင်ဖြင့် ဧက ၁၅၀၀ စုစုပေါင်းဧက ၃၂၅၀၀ ကို လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားခရိုင်အတွင်း နွေစပါးစိုက်ပျိုးရေးအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဗုဒ္ဓပူဇနိယပွဲတော်အကြို တရားပွဲများကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာ၌ တည်ထားကိုးကွယ်သော ဆုတောင်းပြည့်ပါဒကြီး ငါးထပ်ဘုရားကြီး နှစ်တစ်ရာပြည့် ဗုဒ္ဓပူဇနိယပွဲတော်အကြို တရားပွဲများကို ဆုတောင်းပြည့်ပါဒကြီး ငါးထပ်ဘုရားကြီး တန်ဆောင်းတော်ကြီးအတွင်း၌ ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်ရာ ဖေဖော်ဝါရီ၂ရက် (သောကြာနေ့)တွင် အရှင်သုဇာတ(မေတ္တာအေးဆရာတော်) သဃ်န်းကျွန်း၊ ၃ ရက် (စနေနေ့)တွင် အရှင်ဣန္ဒက(တွံတေးဆရာတော်) သီရိမင်္ဂလာမဟာစည်ရိပ်သာ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄ ရက် (တနင်္ဂနွေနေ့)တွင် အရှင်အဂ္ဂိသ(အဂ္ဂမဟာပဏ္ဍိတ) ပါဠိပ္ပကာရီဆရာတော် သာကေတ၊ ၅ ရက် (တနင်္လာနေ့)တွင် အရှင်ဂုဏိန္ဒ (ဆင်ဖြူတောင်ဆရာတော်) သာကေတ၊ ၆ ရက် (အင်္ဂါနေ့)တွင် ဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မာစရိယ) ပါဒကြီး ပရိယတ္တိစာသင်တိုက် နာယကဆရာတော်တို့က တရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆိုနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ရန်ကုန်တိုင်း မူလတန်းကြို ကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း မူလတန်းကြို ကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များက ကွင်းအတွင်း နေရာယူကြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်တင်တင်နွဲ့နှင့် ဒေါ်အေးအေးတို့က ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

## ပါဝင်ယှဉ်ပြိုင်

ထို့နောက် ပြိုင်ပွဲဝင် မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး ကာယစွမ်းရည်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြသည်။ ကာယစွမ်းရည်ပြိုင်ပွဲ ဗိုလ်လုပွဲများအဖြစ် အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အင်္ကျီဝတ်ပြိုင်ပွဲ၊ အရောင်ရွေးပွဲနှင့် လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မူလတန်းကြို ကျောင်း ၂၃ကျောင်းမှ ရင်သွေးငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

## ဆုဖလားချီးမြှင့်

ပြိုင်ပွဲတစ်ပွဲချင်းအလိုက်နှင့် ဆုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ဒုတိယဆုရရှိသော အလုံမြို့နယ် မူလတန်းကြိုကျောင်းအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်ကလည်းကောင်း၊ ပူးတွဲဒုတိယရရှိကြသော အမှတ်(၄) မူလတန်းကြိုကျောင်း၊ ကန်ရိပ်သာ မူလတန်းကြိုကျောင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မူလတန်းကြိုကျောင်းတို့အား အားကစားဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်အေးအေးက လည်းကောင်း၊ ပထမရရှိသော စမ်းချောင်းမြို့နယ် မူလတန်းကြိုကျောင်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်တင်တင်နွဲ့က လည်းကောင်း ဆုဖလားနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူကွင်း၌ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

## ပြိုင်ပွဲများ

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက် ၃၅ နှစ်နှင့်အထက်၊ အသက် ၄၅ နှစ်နှင့်အထက်၊ အသက် ၅၅ နှစ်နှင့်အထက်၊ အသက် ၆၀ နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၁-၃၇၂၃၆၀သို့ ဖေဖော်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**


## သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)(၁၀၁)နှစ်မြောက်မွေးနေ့
## (၆-၂-၂၀၀၇)ရက်နေ့မှ(၁၀-၂-၂၀၀၇)အထိ
## ကျင်းပမည်။

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ၏ အားကိုးရယူ ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်မူဝါဒလမ်းစဉ်ဖြင့် ကြိုးစားလုပ်ကိုင်

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပုံညာတောင် ဥမင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ ပုံညာတောင် ဥမင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

နယ်မြေခံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ မကွေးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်နှင့် အကအဖွဲ့များ၊ ဂန့်ဂေါမြို့ပေါ်ရှိ မြောက်ကုန်းရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်၊ ကျောတိုက် ရပ်ကွက်နှင့် မြို့မရပ်ကွက်၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျော၊ ကြက်ရိုး၊ ဖုန်းစိုးကြယ်၊ ခေါင်းတင်၊ ဝါးပင်၊ ကံမွေး၊ ကန့်သက်၊ ကျဲ/နံ့ကြီး၊ စကား၊ ဟံသာဝတီ၊ မြောက်ခင်ရန်း၊ တောင်ခင်ရန်း၊ နှမ်းခါး၊ မွေ့လယ်၊ လက်ပန်၊ မြင်းဇာ၊ လာပို့၊ ပြစ်မ၊ လယ်မနှင့် ညောင်လယ်တို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်သည့် ပုံညာတောင်ဥမင်နှင့် ကျော–ရေမျက်နီရထားလမ်းပိုင်းသည် အရှည် ၂၇ မိုင်ခန့်ရှိသည့်လမ်းအပိုင်းဖြစ်ပြီး ဥမင်၏အရှည်သည် ပေ၅၆၁၀ ရှိကြောင်း၊ ၂၇၇ မိုင်ကျော်အရှည်ရှိသည့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း၏ နောက်ဆုံးကျန်ရှိသည့်အပိုင်း၊ မြန်မာ့မီးရထားဝန်ထမ်းများ ကျားကုတ်ကျားခဲ အားထုတ်ဖောက်လုပ်ခဲ့ရသည့် လမ်းအပိုင်းဖြစ်ကြောင်း။

## ချစ်ကြည်ရင်းနှီးရေး ရထားလမ်း

စစ်ကိုင်းတိုင်း မြေပြန့် မုံရွာဒေသမှ စတင်ခဲ့သည့် ရထားလမ်းသည် မကွေးတိုင်း ပခုက္ကူ၊ မြိုင်၊ မြို့ဆိုး၊ ဇီးပြား၊ ကျော၊ ပုံညာတောင်ကို ဖြတ်ကျော်ပြီး ဂန့်ဂေါ မြစ်သာချိုင့်ဝှမ်းဒေသမှတစ်ဆင့် ချင်းပြည်နယ်(မြောက်ပိုင်း)၏ တံခါးပေါက်ဖြစ်သော ကဘော်ချိုင့်ဝှမ်းဒေသ ကလေးမြို့အထိ ရောက်ရှိသည့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးဖြစ်ကြောင်း။

ရထားလမ်းတစ်လျှောက် ဖြတ်ကျော်ရသည့် မြေပြင်အနေအထားကို ကြည့်မည်ဆိုလျှင် မြေပြန့်လွင်ပြင်များနှင့် မြစ်ဝှမ်းဒေသများ ပါသကဲ့သို့ တောင်ကုန်း၊ တောင်တန်း၊ တောင်စောင်းများလည်းပါရှိကြောင်း၊ ထို့အပြင် ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ မဏိပူရမြစ်ကိုရော ချောင်းကြီးချောင်းငယ်တို့ကိုပါ ဖြတ်သန်း ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤရထားလမ်းကို ဖောက်လုပ်ရာတွင် ရထားဝန်ထမ်းများ၏ နည်းပညာအပိုင်းကို စမ်းသပ်စိန်ခေါ်မှုအမျိုးမျိုး ကြုံတွေ့ခဲ့ရခြင်း ဖြစ်ကြောင်း။

## ပေါင်းစပ်လုပ်ကိုင်

ဤရထားလမ်းကြီးကို ဖောက်လုပ်ခဲ့ရာ၌ ရထားဝန်ထမ်းများ၏ အတတ်ပညာစွမ်းအားအပြင် တပ်မတော်သားများ၏ လုပ်အားများ၊ ဒေသခံပြည်သူများ၏ စောင့်ရှောက်ကူညီမှုများနှင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ မြန်မာ့မီးရထားဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ၏ ပေါင်းစည်းမှုအားများဖြင့် ကြိုးစားလုပ်ကိုင်နိုင်ခဲ့သည့်အတွက်ကြောင့်လည်း ပခုက္ကူ–မင်းရွာ၊ ပခုက္ကူ–မြိုင်–မြို့ဆိုး၊ မြို့ဆိုး–ဇီးပြား၊ ကလေး–နတ်ချောင်း၊ နတ်ချောင်း–ဂန့်ဂေါစသည်ဖြင့် ၁၉၉၃ ခုနှစ်မှစပြီး ၁၉၉၇ ခုနှစ် အထိ ဖောက်လုပ်ပြီးစီးသမျှ ရထားလမ်းများကို အပိုင်းအလိုက် ဖွင့်လှစ်ပေးခဲ့နိုင်ခြင်း ဖြစ်ကြောင်း။

## အောင်မြင်စွာဖောက်လုပ်

**ယနေ့တွင် ရထားလမ်း၏ နောက်ဆုံးကျန်ရှိသည့် ပုံညာတောင်အပိုင်းကို ဥမင်လိုဏ်ဖောက်လုပ်ပြီး တောင်တန်းကြီးခြားနားနေသည့် ရထားလမ်းအပိုင်း နှစ်ခုဖြစ်သော ကျောအပိုင်းနှင့် ရေမျက်နီအပိုင်းကို ဆက်စပ်လိုက်နိုင်ပြီဖြစ်ကြောင်း၊ ပုံညာတောင်ရထားလိုဏ်သည် မြန်မာနိုင်ငံ၏ ရထားဥမင်လိုဏ်များအနက် တစ်မိုင်ကျော်ခန့်ရှိသည့် အရှည်ဆုံးလိုဏ်ဖြစ်ကြောင်း၊ ပုံညာတောင်၏ မြေကျောက်အမျိုးအစားနှင့် Fault Lineများကြောင့် ဥမင်ဖောက်လုပ်ရာ၌ အခက်အခဲများစွာရှိခဲ့သော်လည်း ယနေ့ အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။**

**ထို့ကြောင့် ဤရထားလမ်းကြီး အောင်မြင်စွာ ဖောက်လုပ်နိုင်ခြင်းသည် ပြည်သူများအတွက် အောင်ပွဲဖြစ်ရုံသာမက ရထားဝန်ထမ်းများ၏ အရည်အသွေး၊ ဇွဲ လုံ့လကို ဖော်ညွှန်းသည့် အောင်ပွဲလည်းဖြစ်ကြောင်း။**

## အဓိကဖြည့်ဆည်း

နိုင်ငံတော်အတွင်းတွင် လမ်းပန်းဆက်သွယ်မှုချောမွေ့ရေးနှင့် တိုးတက်ရေးကို အဓိကဖြည့်ဆည်းဆောင်ရွက်ရမည့်ကဏ္ဍကြီးအဖြစ် အခြေခံသတ်မှတ်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ငွေလုံးငွေရင်းပမာဏကြီးမားစွာဖြင့် ကွန်ရက်ယှက်သွယ် တည်ဆောက်ခဲ့သည့်လမ်းများ၊ တံတားများသည် လူမှုစီးပွားအခြေခံအဆောက်အအုံများအတွက်ဖြစ်သကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားတစ်ရပ်လုံး ကူးလူးဆက်ဆံနိုင်မည့် ချစ်ကြည်ရင်းနှီးပေါင်းစည်းရေးဆိုင်ရာ လူမှုအဆောက်အအုံများလည်း ဖြစ်လာကြောင်း။

လမ်းနှင့်တံတားသည် နိုင်ငံ၏အခြေခံအကျဆုံး အဆောက်အအုံဖြစ်ခြင်းကြောင့် လွန်ခဲ့သည့် ဆယ်နှစ်ကျော်အတွင်း လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းကို ပမာဏကြီးကြီးမားမား ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံသားများ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရန်၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးလာစေရန် *စာမျက်နှာ ၈ ကော်လံ ၁*

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ကျော–ရေမျက်နီ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**
(သတင်းစဉ်)

# ကိုယ်ပိုင်မူဝါဒလမ်းစဉ်မရှိဘဲ ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားနေလျှင် အခြားနိုင်ငံများ၏ နောက်မြီးဆွဲဘဝ၊ အခြေအရံနိုင်ငံဘဝ ကျရောက်နိုင်

စာမျက်နှာ ၇ မှ

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အထူးအလေးပေး ဆောင်ရွက်ခဲ့ကြောင်း။

## တိုးတက်ဖြစ်ပေါ်

ဖောက်လုပ်ခဲ့သည့် လမ်းများကိုလေ့လာလျှင် ပြည်ထောင်စုလမ်းမကြီးများ၊ မြို့တော်စည်ပင်သာယာလမ်းများ၊ တိုင်းနှင့်ပြည်နယ်လမ်းများ၊ မြို့ချင်းဆက်လမ်း၊ မြို့နှင့်ကျေးရွာဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း၊ နယ်စပ်ဒေသလမ်းများ၊ ဖွံ့ဖြိုးရေးလမ်းများ ကွက်ပြည့်ဆောင်ရွက်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း စုစုပေါင်း အနေဖြင့် ၁၉၈၈ ခုနှစ်က မိုင်ပေါင်း နှစ်သောင်းတစ်ထောင်ကျော်သာရှိရာမှ

ယခုအခါ မိုင်ပေါင်း ခြောက်သောင်းလေးထောင်ကျော်အထိ တိုးတက် ဖြစ်ပေါ်လာပြီဖြစ်ကြောင်း။

မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ရာတွင် လိုအပ်သည့်နေရာတိုင်း၌ မြစ်ကူးတံတားကြီးများကို ဖောက်လုပ်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်တို့ပေါ်၌ ၁၉၈၈ ခုနှစ်မတိုင်ခင်က တံတားကြီး ငါးစင်းသာရှိခဲ့ပြီး နောက်ပိုင်းကာလတွင် ၁၅ စင်း အသစ်ထပ်မံ တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှသာ လူမှုစီးပွားရေးမြင့်မားလာမည်ဖြစ်သည့်အတွက်ကြောင့် ယခုဆိုလျှင် အထက်ပါမြစ်ကူးတံတားကြီး အစင်း ၂၀ အပါအဝင် ပေ ၁၈၀ အထက် ကားလမ်း တံတားပေါင်း အစင်း ၂၂၀ တည်ဆောက်ခဲ့သကဲ့သို့ ရထားလမ်းတံတား ၃၄ စင်းကိုလည်း ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

## တိုးချဲ့ဖောက်လုပ်

ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ ကားလမ်းများ တိုးချဲ့ဖောက်လုပ် အဆင့်မြှင့်တင်ခဲ့သကဲ့သို့ ရထားလမ်းမရှိသေးသည့် ပြည်နယ်၊ တိုင်းများ၌ ရထားလမ်းသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်ပေးခဲ့ကြောင်း။

- အလယ်ရိုးမတောင်တန်း ဖြတ်ကျော်သည့် ပြည်–အောင်လံ–တောင်တွင်းကြီး ဆက်စပ်ပြီး ရန်ကုန်မှ ပုဂံညောင်ဦး၊ မြင်းခြံ၊ မန္တလေးသို့လည်းကောင်း၊
- ပြည်နယ်၊ တိုင်း လေးခုဆက်စပ်ပေးသည့် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်သို့လည်းကောင်း၊
- ရှမ်းရိုးမတောင်တန်းဖြတ်ကျော်သည့် ရွှေညောင်–တောင်ကြီး–နမ့်စန်သို့လည်းကောင်း၊
- ပုံတောင် ပုံညာတောင်တန်းဖြတ်ကျော်သည့် ချောင်းဦး–ပခုက္ကူ–ကျောမှတစ်ဆင့် ဂန့်ဂေါ၊ ကလေးသို့လည်းကောင်း ရှည်လျားသည့် ရထားလမ်း ဆက်ကြောင်းကြီးများလည်း ပေါ်ထွန်းခဲ့ပြီး ဖြစ်ကြောင်း၊
- ပုသိမ်၊ ဟင်္သာတ၊ ကြံခင်းရထားလမ်းကို ပြည်အနောက်ဘက်ကမ်း ပန်းတောင်းသို့ တိုးချဲ့ဖောက်လုပ်နေပြီး ပခုက္ကူအထိ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်သွားမည်ဖြစ်၍ မကြာမီတွင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ မြန်မာနိုင်ငံ တောင်မြောက်ရထားလမ်း ဆက်ကြောင်းသစ်ကြီးတစ်ခု ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း။

ထို့အပြင် ဤရထားလမ်းကြီးသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့၏ အနောက်ဘက်ကမ်း၊ နိုင်ငံတော်၏ အနောက်မြောက်ခြမ်းဒေသ၌ တည်ရှိခြင်းဖြစ်ကြောင်း၊ ဤအနောက်ဘက်ခြမ်းဒေသများသည် မြစ်များ၊ ချောင်းများ၊ တောင်တန်းများ ခြားနားမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ဒေသများဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်နောက်ကျမှု သမိုင်းကြွေးတင်နေခဲ့ခြင်းဖြစ်ကြောင်း။

ဤသမိုင်းအကြွေးကို တပ်မတော်အစိုးရလက်ထက်တွင် အကျေပေးဆပ်နိုင်အောင် အနောက်ဘက်ကမ်းဒေသများ၌ ရထားလမ်းများ၊ ကားလမ်းများကို ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းသည် ချင်းပြည်နယ်နှင့်ရော ကဘော်ချိုင့်ဝှမ်းဒေသ၊ နယ်စပ်ဒေသများနှင့်ပါ ဆက်စပ်နေသည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းမကြီးအဖြစ် ခေါ်ဆိုနိုင်သကဲ့သို့ ကျေးလက်ဒေသတစ်လျှောက် ရှည်လျားစွာ ဖောက်လုပ်ထားသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းမကြီးလည်းဖြစ်နေကြောင်း၊ အကျိုးပြုမှုများကို ပေါင်းစပ်လိုက်လျှင် ဒေသစုံ၊ ဘက်စုံဖွံ့ဖြိုးရေး အထောက်အကူပြု ရထားလမ်းအဖြစ် ခေါ်ဆိုရမည်ဖြစ်ကြောင်း။

ယခုအခါ စတင်ဖောက်လုပ်နေပြီဖြစ်သည့် မိုင်ပေါင်း ၃၀၀ ကျော်ရှိသော ကြံခင်း–ပခုက္ကူ ရထားလမ်းစီမံကိန်းနှင့် ဆက်စပ်လိုက်မည်ဆိုလျှင် ဧရာဝတီအနောက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံတော်အတွက်မဟာဗျူဟာအရ အရေးပါသည့် ရထားလမ်းအဖြစ် ပုသိမ်မြို့မှ နယ်စပ် ကလေးမြို့အထိ ခရီးပေါက်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက **"ဧရာဝတီမြစ် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း ဆက်စပ်ပေးရန်လိုကြောင်း"၊ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ရထားလမ်း၊ ကားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုဘဝ ပတ်ဝန်းကျင်ကိုပါ မြှင့်တင်နိုင်ကြောင်း"** ဖြင့် လမ်းပန်းဆက်သွယ်ရေး၏ အရေးပါမှုကို အခါအားလျော်စွာ ထုတ်ဖော်လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း။

## မနားမနေလုပ်ကိုင်

ဤလမ်းညွှန်မှုများနှင့်အညီ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရှိပြီး ရထားလမ်းဟောင်းများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ လူစီးတွဲ၊ ကုန်တွဲများကို တိုးချဲ့ပြုပြင်ထုတ်လုပ်ခြင်းစသည့် ရထားပို့ဆောင်မှု တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများကို မနားမနေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်က ရထားလမ်းအရှည် မိုင် ၁၉၇၇ ဖမိုင်ခန့်ရှိခဲ့ရာမှ ယနေ့ဆိုလျှင် ရထားလမ်းသည် မိုင် ၃၁၁၀ ကျော်အထိ မိုင်ပေါင်း ၁၁၄၀ ကျော်ကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်ရွယ်ချက်မှာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းရေး၊ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကျော–ရေမျက်နီ ရထားလမ်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံကြီးအဖြစ် ကမ္ဘာ
ဝါဝါ သိက္ခာရှိရှိ အစွန့်ရှည်စွာ ရပ်တည်နိုင်ရေ
ရေးသည် ယနေ့ မျက်မှောက် မြန်မာနိုင်
မြင့်မြတ်သည့်တာဝန်ဖြစ်၊ ဤတာဝန်သည်
လူမျိုးကို စောင့်ရှောက်သည့် တာဝန်၊ မျိုးချ
ဖြစ်သဖြင့် အမျိုးကိုချစ်သည့် နိုင်ငံသားတို
ထမ်းဆောင်ရမည့် တာဝန်ဖြစ်သည့်အတွ
ထမ်းဆောင်ပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုး
စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံ
တည်ဆောက်ကာကွယ်။

**အမှာစကားပြောကြား**

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင်ဖွင့်ပွဲ အခမ်းအနား တက်ရောက်လာကြသည့် လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# အဖွဲ့ဝင်နိုင်ငံ ၁၁၈ နိုင်ငံပါဝင်သော ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီးက

## ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းသော

## အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သောလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် (Resolution) မူကြမ်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော လုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဆန့်ကျင် ကန့်ကွက်ခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၁၈ နိုင်ငံပါဝင်သည်။

**(သတင်းစဉ်)**

တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်နားလည်ချစ်ကြည်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကောင်းမှုကောင်းကျိုးများ ရရှိရေးအတွက်ပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ တိုးတက်မြင့်မားမွန်မြတ်သည့် အကျိုးသက်ရောက်မှုကောင်းများကို မျှော်မှန်းထားသည့်အတိုင်း ရရှိနေခြင်းသည် လမ်းပန်းဆက်သွယ်မှုများ တိုးတက် ကောင်းမွန်လာခြင်းကြောင့်ဖြစ်သကဲ့သို့ နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးနေခဲ့၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲနေ၍လည်းဖြစ်ကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

နိုင်ငံတော်သစ်တည်ဆောက်ရာ၌ နိုင်ငံရေးအခြေခံကောင်း၊ စီးပွားရေးအခြေခံကောင်း၊ လူမှုရေးအခြေခံကောင်းများ ခိုင်မြဲနေရန် အမှန်လိုအပ်ကြောင်း၊ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် စွမ်းအား၊ ဝေဖန်ချင့်ချိန်စဉ်းစားနိုင်သည့်စွမ်းအားကို ပြုစုပျိုးထောင်ပေးနိုင်သော ပညာရေးအခြေခံသည် မြင့်မားနေရန်လည်း အရေးကြီးကြောင်း၊ ပညာရေးအခြေခံကောင်းရမည်၊ စီးပွားရေးအခြေခံ ကောင်းရမည်ဖြစ်ကြောင်း။

ပြည်သူများ၏ ပညာရေးအခြေခံ ကောင်းလာရေးအတွက် အခြေခံပညာကျောင်းများ တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပြီး ပညာရေးနှင့် ပြည်သူကို တစ်သားတည်းဖြစ်အောင် ဆက်စပ်အားပေးလျက်ရှိကြောင်း၊ ထို့အတူ ဒေသအတွင်း စီးပွားရေး ဖူလုံတောင့်တင်းရေးသည် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင်တည်မှီနေသည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်အောင် အလေးထားလုပ်ကိုင်ရင်း မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ကိုပါ တစ်ပါတည်း တိုးတက်လာအောင် လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသခံပြည်သူများ၏ဝင်ငွေ မြင့်မားလာမည်ဖြစ်ကြောင်း။

ဤနေရာတွင် လယ်ယာသုံး၊ ကျေးလက်ဒေသသုံး လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ မီးစက်တို့၌ အသုံးပြုနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လင့်တကူ ထုတ်လုပ်ပေးနိုင်သော ကြက်ဆူပင်များကို ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးကြရန် ကြိုးကြိုက်တုန်း မှာကြားလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးသည် လယ်ယာကဏ္ဍကို စက်မှုလယ်ယာအဖြစ် မြှင့်တင်နိုင်အားရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးကို လက်တွေ့ဖော်ဆောင်နိုင်သည့် ကျေးလက်ပြည်သူ အကျိုးပြုလုပ်ငန်းမျိုးဖြစ်ကြောင်းကို ယုံယုံကြည်ကြည် ခံယူလုပ်ကိုင်ကြစေလိုကြောင်း။

**ကိုယ်ပိုင်မူဝါဒ**

တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ အားကိုရယူပြီး ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်မူဝါဒလမ်းစဉ်ဖြင့် ကြိုးစားကြံစည်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်မူဝါဒ၊ ကိုယ်ပိုင်လမ်းစဉ်၊ ကိုယ်ပိုင်အင်အားမရှိဘဲ ပြည်ပနိုင်ငံများအပေါ်၌ပင် မှီခိုအားထားနေမည်ဆိုလျှင် တိုင်းပြည်သည် အခြားနိုင်ငံများ၏ နောက်မီးဆွဲနိုင်ငံဘဝ၊ အခြွေအရံနိုင်ငံဘဝ ကျရောက်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်မှာကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကြီးအဖြစ် ကမ္ဘာ၌ ထည်ထည်ဝါဝါ သိက္ခာရှိရှိ အခွန့်ရှည်စွာ ရပ်တည်နိုင်အောင် ကြိုးစားရေးသည် ယနေ့ မျက်မှောက်မြန်မာနိုင်ငံသားများ၏ မြင့်မြတ်သည့်တာဝန်ဖြစ်ကြောင်း၊ ဤတာဝန်သည် တိုင်းပြည်နှင့် လူမျိုးကို စောင့်ရှောက်သည့် တာဝန်၊ မျိုးချစ်တာဝန်မျိုးဖြစ်သဖြင့် အမျိုးကိုချစ်သည့် နိုင်ငံသားတိုင်း မလွဲမသွေထမ်းဆောင်ရမည့် တာဝန်ဖြစ်သည့်အတွက် ဝိုင်းဝန်း ထမ်းဆောင်ပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ ကျော-ရထားဥမင်လိုဏ်နှင့် ရထားလမ်းကို အောင်မြင်စွာ ဖောက်လုပ်ခဲ့သည့် မြန်မာ့မီးရထားမှ ဝန်ထမ်းအဆင့်အတန်း အားလုံးကိုလည်းကောင်း၊ လိုအပ်သည်များကို ဝိုင်းဝန်းကူညီစောင့်ရှောက်အားပေးကြသော တပ်မတော်သားများနှင့် ဒေသခံများအားလည်းကောင်း နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်မှတ်တမ်းပြုပါကြောင်းဖြင့် ပြောကြားသည်။

**တစ်ဆက်တစ်စပ်တည်း**

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာ၌ ကျော–ရေမျက်နီ ရထားလမ်းပိုင်းကို ဖွင့်လှစ်နိုင်သည့်အတွက် မကွေးတိုင်း ပခုက္ကူမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့အထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း။ စာမျက်နှာ ၁၁ ကော်လံ ၁

**ာင်စုမြန်မာနိုင်ငံကြီးအဖြစ် ကမ္ဘာ၌ ထည်ထည်**
**ရှိ အခွန့်ရှည်စွာ ရပ်တည်နိုင်အောင် ကြိုးစား**
**ယနေ့ မျက်မှောက် မြန်မာနိုင်ငံသားများ၏**
**့တာဝန်ဖြစ်၊ ဤတာဝန်သည် တိုင်းပြည်နှင့်**
**ာင့်ရှောက်သည့် တာဝန်၊ မျိုးချစ်တာဝန်မျိုး**
**အမျိုးကိုချစ်သည့် နိုင်ငံသားတိုင်း မလွဲမသွေ**
**ရမည့် တာဝန်ဖြစ်သည့်အတွက် ဝိုင်းဝန်း**
**ြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော**
**ည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ်**
**ကာကွယ်။**

# ပုံညာတောင် ရထားလမ်း ဥမင်ဖွင့်လှစ်၍

## ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းပေါက်သွားသည့်အတွက်

## ဒေသခံတို့၏ ရင်တွင်းစကားများ

### ကျွန်တော့် မိဘဘိုးဘွားတွေကို မြင်စမ်းစေချင်တယ်

**ကျွန်တော်တို့ ကျောရွာဟာ ပုံတောင် တောင်နဲ့ ပုံညာတောင်နှစ်ခု ကြားမှာရှိတော့ ပုံတောင် တောင်ကိုဖြစ်ဖြစ် ပုံညာတောင်ကိုဖြစ်ဖြစ် ကျော်ဖြတ်ပြီး ဈေးခြင်းတောင်းထမ်းပြီး ခြေကျင်ခရီးနဲ့ ဈေးဝယ်ခဲ့ရတယ်။ ကျွန်တော်တို့ ကျောရွာနဲ့ ဆက်စပ်နေတဲ့ ကျေးရွာ၁၆ ရွာအားလုံးဟာ ဒီအတိုင်းပါပဲ၊ အခုတော့ ပုလဲ–ဂန့်ဂေါကားလမ်း၊ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းပေါက်ပြီး သွားလာမှုလွယ်ပြီဆိုတော့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ မမီလိုက်တဲ့ ကျွန်တော့် မိဘ ဘိုးဘွားတွေကို မြင်စမ်းစေချင်တယ်ဗျာ။**

ဦးရာထိုက် အသက်(၈၃)နှစ်၊ ကျောရွာ၊ ဂန့်ဂေါမြို့နယ်။

### ဝမ်းသာမဆုံး၊ ဂုဏ်ယူမဆုံး၊ ကျေးဇူးတင်မဆုံး

ကျွန်တော်တို့ ကျောရွာဟာ လူမနီး သူမနီးနေရာ၊ တောင်တန်းတွေ ကာဆီးနေတဲ့နေရာမှာရှိတော့ မြို့ပြခရီးသွားလိုရင် ပုံတောင်ကို ကျော်ဖြတ်ပြီး ပုလဲမြို့အထိ နှစ်ရက်ကြာ ခြေကျင်သွားခဲ့ရတယ်။ ပြီးမှ ပခုက္ကူ–မန္တလေး စတဲ့ မြို့တွေဆီ ကားနဲ့သွားရတယ်။ ကလေးမြို့ဘက်ကိုသွားရင်လဲ ပုံညာတောင်ကို ကျော်တက်ပြီးမှ မြစ်သာမြစ်ကြောင်းအတိုင်း လက်နဲ့ လှော်ခတ်ရတဲ့ လုံးထွင်းလှေနဲ့ သွားခဲ့ရပါတယ်။ အခုတော့ နိုင်ငံတော်ရဲ့ စေတနာကြောင့် ကားလမ်း၊ ရထားလမ်းတွေ ဖောက်ပေးတဲ့အပြင် တိုက်နယ်ဆေးရုံ၊ အထကခွဲ၊ အော်တိုတယ်လီဖုန်းတွေ ဖွင့်လှစ်ပေးထားတော့ ဆက်သွယ်သွားလာမှု လွယ်ကူပါပြီ၊ ပုံညာတောင် ရထားလမ်းဥမင်ဟာ နိုင်ငံအတွင်း အရှည်ဆုံး ဥမင်ဖြစ်တယ်ဆိုတာသိရလို့ ဝမ်းသာမဆုံး၊ ဂုဏ်ယူမဆုံး၊ ကျေးဇူးတင်မဆုံး ဖြစ်ရပါတယ်။

**ဦးသန်းဝင်း ကျောရွာ၊ ဂန့်ဂေါမြို့နယ်။**

### ဒေသခံတွေအားလုံး သွားလာရေးအဆင်ပြေ

**ပုံညာတောင် ရထားလမ်း ဥမင်ဖွင့်ပြီး မြန်မာနိုင်ငံ အရပ်ရပ်ကို လွယ်လွယ်ကူကူ ရထားနဲ့သွားလာနိုင်ပြီဆိုတော့ ရွာသူရွာသား ဒေသခံတွေ အားလုံးသွားလာလို့ အဆင်ပြေသွားပါတယ်။ ကျွန်မက ပခုက္ကူဇာတိဖြစ်တော့ ကျွန်မ ဆွေမျိုးသားချင်းတွေနဲ့ လွယ်လွယ် အဆက်အသွယ်ရနိုင်ပါပြီ၊ လိုအပ်တဲ့ကုန်ပစ္စည်းတွေကိုလဲ လွယ်လွယ်ကူကူ မှာယူနိုင်ပါပြီရှင့်။**

မစန်းစန်းအေး ရေမျက်နီရွာ၊ ထီးလင်းမြို့နယ်။

**မေးမြန်းသတင်းပေးပို့သူ–ကျော်သန်းဆွေ (ဂန့်ဂေါ)နှင့် ကလေး–ဝင်းသူ**

# ကြော်ငြာအတွက် မလေးစေသင့်ပါ

မြတ်မိုး
(တိုင်းရင်းဆေး)

ယနေ့ခေတ်ကို ဆက်သွယ်ရေးခေတ်ဟုဆိုနိုင်သည်။ ရှေးယခင်က ကမ္ဘာကြီး၏ တစ်နေရာမှတစ်နေရာသို့ သွားမည်ဆိုလျှင် လနှင့်ချီ၍ ကြာမည်။ ကမ္ဘာ့တစ်နေရာမှတစ်နေရာသို့ သတင်းအချက်အလက်များ ရောက်ရှိရန်မှာလည်း အတော်အတန် အချိန်ယူခဲ့ရသည်။

ယနေ့ခေတ်ကတော့ ကမ္ဘာ့အရှေ့ခြမ်းကသတင်းသည် တစ်မုဟုတ်ချင်း ကမ္ဘာ့အနောက်ခြမ်းသို့ ရောက်သည်။ အီလက်ထရောနစ် စာပို့နည်းဖြင့် အချင်းချင်း အပြန်အလှန် တစ်ထိုင်တည်းတွင် ဆက်သွယ်နိုင်သည်။ အင်တာနက်မှ အပြန်အလှန် စကားပြောလို့ရသည်။ အမေးအဖြေလုပ်လို့လည်းရသည်။ ရုပ်မြင်သံကြား ဆက်သွယ်ပြောဆို၍လည်း ရသည်။ ကမ္ဘာ့အနောက်ခြမ်းမှ နေ့စဉ်ထုတ်သတင်းစာကို အဲ့ဒီမှာ မိုးမလင်းမီ၊ သတင်းစာ မဖြန့်ဝေရသေးမီ အချိန်မှာပင် ကမ္ဘာ့အရှေ့ခြမ်းက ကြို၍ ဖတ်လို့ရနေပေပြီ။ ဤသို့ ဤနှယ် ကမ္ဘာ့ရွာကြီးဖြစ်လာပြီ။

ရွာတို့မည်သည် တစ်နေရာမှတစ်နေရာကြားဖို့ရာ လူတစ်ခေါ်စာနှင့်ပင် လုံလောက်သည်။ သတင်းဖြန့်ရာမှာလည်း အလွန်လွယ်သည်။ အလွန်မြန်သည်။ တစ်ယောက်ကအစ တစ်ရာအဆုံး လက်ဆင့်ကမ်းနှင့်ပင် တစ်ရွာလုံးသိနိုင်သည်။

သတင်းအချက်အလက်များ ဆက်သွယ်ရာ၌ ယခုခေတ်တွင် မီဒီယာက အရေးပါလာသည်။ ဤမီဒီယာများကို အသုံးပြု၍ ကြော်ငြာလာကြသည်။

ကြော်ငြာသည်ဆိုသည်မှာ လူအများသိအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ရှေးယခင်အခါက မိမိတို့ထုတ်လုပ်သော ကုန်ပစ္စည်းများကို လူအများသိအောင် အမျိုးမျိုးကြံဆောင်ခဲ့ကြသည်။ လမ်းများ၊ ဈေးများပေါ် အသံချဲ့စက်ဖြင့် အော်ခြင်းမျိုး၊ ကား၊ ရထား၊ သင်္ဘောများပေါ် ဆေးကြော်ငြာ၊ အခြားကုန်ပစ္စည်း ကြော်ငြာမှုများကို မကြုံဖူးသူဟူ၍ ရှိမည်မဟုတ်။ ယင်းတို့မှာ နယ်ကျဉ်းကြော်ငြာများဖြစ်သည်။ နယ်ကျယ်ကြော်ငြာများကတော့ ရေဒီယို၊ ရုပ်ရှင်ရုံကြော်ငြာများ၊ သတင်းစာ စာနယ်ဇင်းကြော်ငြာများ၊ တီဗွီပေါ်လာတော့ ပို၍နယ်ကျယ်လာသည်။

ကြော်ငြာများတွင် တီဗွီကြော်ငြာက အထိရောက်ဆုံး ဖြစ်သည်။ ကြော်ငြာသူတွေက သူ့ထက်ငါလုယက်ကာ ရုပ်မြင်သံကြားကြည့်ရှုသူတို့၏ စက္ခုအာရုံထဲ မလွတ်တမ်းဝင်ရောက်မည့် အချိန်ကိုရွေး၍ ထည့်သည်။ အကြိမ်ကြိမ်မြင်တော့ စွဲပြီ။ ကလေးကအစ အလွတ်ရပြီ။ ပဟေဠိ အဖြေညှိနိုင်ကြပြီ။

ကြော်ငြာကဏ္ဍသည် တစ်စထက်တစ်စ နယ်ကျယ်လာသည်။ ယခု အင်တာနက်ခေတ်တွင် အွန်လိုင်းမှ ဝက်ဘ်ဆိုက်ဖြင့် ကြော်ငြာနိုင်ပြီ။ အွန်လိုင်းမှ ဈေးလည်းဝယ်နိုင်ပြီ။

ကြော်ငြာများ မည်သည့်အချိန်က စခဲ့ကြောင်း စူးစမ်းကြည့်ရာ ၁၇၀၄ခုနှစ်က ဘော့စ်စတန် သတင်းစာတွင် စခဲ့ကြောင်းကို သိရှိရသည်။ Oyster Bay ကျွန်းရှည်ကြီးအတွက် ဝယ်လက်ရှာဖွေသည့် ကြော်ငြာဖြစ်သည်။

၁၈၄၃ခုနှစ်တွင် Volney Palmer ဆိုသူက ပထမဆုံး ကြော်ငြာအေဂျင်စီကို ဖီလာဒယ်လ်ဖီးယားမြို့တွင် ဖွင့်ခဲ့ကြောင်းနှင့် ၁၈၇၃ခုနှစ်တွင် နယူးယောက်မြို့၌ ပထမဆုံးအကြိမ် ကြော်ငြာအေဂျင်စီများ၏ ညီလာခံကို ပြုလုပ်ခဲ့ကြောင်း သမိုင်းမှတ်တိုင်များကိုလည်း တွေ့ရှိရပြန်သည်။

စာရေးသူသည် လွန်ခဲ့သော ၁၀နှစ်ဝန်းကျင်က ကြော်ငြာအတွက် မလေးစေဖို့ ဆောင်းပါးတစ်ပုဒ်ကို နေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် တင်ပြခဲ့ဖူးပါသည်။ ထိုစဉ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတွင် အစားအစာပညာရှင်အဖြစ် တာဝန်ထမ်းဆောင်နေရချိန်ဖြစ်၍ မလိုင်နုတ်ထားသောနို့ဆီကို မလိုင်အပြည့်ပါသည်ဟု ကြော်ငြာထားမှုကို တင်ပြခဲ့၍ ဆောင်းပါးပါပြီး နောက်တစ်ရက်မှစ၍ ယင်းကြော်ငြာ မပေါ်လာတော့ပါ။ ပြန်ပေါ်လာသည့်အခါမှာလည်း ယင်းစာပိုဒ် မပါလာတော့ပါ။ အလားတူပင် ဘီယာပြင်းကို အားဆေးအသွင် ကြော်ငြာမှုကြောင့် သံဃာတော်အား ကပ်မိသည်များကို တင်ပြခဲ့ဖူးသည်။ ဤသို့ ဤနှယ် စားသုံးသူများ အထင်အမြင် လွဲမှားနိုင်သည့် အသုံးအနှုန်း၊ အပြောအဆို၊ အဆင်အပြင်၊ အတင်အပြများကို မပြုလုပ်သင့်ပါ။

ယခု တိုင်းရင်းဆေးပညာဦးစီးဌာနတွင် တာဝန် ထမ်းဆောင်နေစဉ် တိုင်းရင်းဆေးကြော်ငြာများနှင့် ပတ်သက်၍ တစေ့တစောင်း တင်ပြလိုပါသည်။

ဆေးဆိုသည်မှာ လူသားတို့ မကျန်းမာသည့်အခါ သောက်သုံးရန်၊ ကျန်းမာစေရန်အတွက် ရောဂါကာကွယ်ရေးတွင် သုံးစွဲရန်၊ ရောဂါရှာဖွေရာ၌ သုံးရန် စသည်ဖြင့် အသုံးပြုရသောအရာများ ဖြစ်လေရာ ဆေးများကို အဓိပ္ပာယ်လွဲမှားကောက်ယူမိအောင် မကြော်ငြာမိဖို့က အရေးကြီးပါသည်။

ထို့ကြောင့် အနောက်တိုင်းဆေးဝါးများကို ယေဘုယျအားဖြင့် ကြော်ငြာခွင့် မပြုပါ။ Over the counter drug ဟုခေါ်သော ဆရာဝန်၏ ဆေးညွှန်းစာမလိုဘဲ အများပြည်သူတို့ လွတ်လွတ်လပ်လပ် ဝယ်ယူသုံးစွဲခွင့်ရသည့် ဆေးများကိုသာ ကြော်ငြာခွင့်ပြုထားပြီး ကြော်ငြာစည်းကမ်းချက်များကိုလည်း တင်းကျပ်စွာ ပြဋ္ဌာန်းထားပါသည်။

တိုင်းရင်းဆေးများအတွက်မူ ၁၉၉၆ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော တိုင်းရင်းဆေးဝါးဥပဒေအရ ကြော်ငြာနိုင်သော်လည်း တစ်ဆက်တည်း ပြဋ္ဌာန်းခဲ့သော အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို တစ်သဝေမတိမ်း လိုက်နာရန် လိုအပ်ပါသည်။

ဆေးတစ်မျိုးထုတ်လို့ ဈေးကွက်ကို တင်တော့မယ်ဆိုရင် ကြော်ငြာအရင်လုပ်ထားမှ၊ မဟုတ်ရင် ကိုယ်တင်မယ့်ဆိုင်က "ကြော်ငြာပြီးပလား" လို့ အမေးခံရမည်။ ကြော်ငြာပြီးသော ဆေးများကိုသာ ဆိုင်များကလည်း တင်ချင်ကြသည်။ သို့မဟုတ်ပါက နေရာကုန် ဆိုင်လေးရုံသာရှိလိမ့်မည်။

တိုင်းရင်းဆေးဥပဒေ ထုတ်ပြန်ပြီးနောက် တိုင်းရင်းဆေးဝါး ထိန်းချုပ်မှုကို စတင်ဆောင်ရွက်ခါစက တိုင်းရင်းဆေးဥပဒေအရ မှတ်ပုံလာတင်ကြသော ဆေးဝါးများ ထောင်နှင့်ချီ ရှိသည်။ ဒါတွေကို စိစစ်မှုများ စတင်ဆောင်ရွက်ခဲ့ကြရသည်။

တင်လာကြသည့်ဆေးများတွင် ဥပဒေမရှိစဉ် နှစ်ပေါင်းများစွာက ထုတ်လုပ်ခဲ့သော ဆေးများ၊ ပြီးစလွယ် ထုပ်ပိုးထားခြင်းများ၊ အညွှန်းများတွင် လိုသည်ထက်ပို၍ ရေးသားမှုများကို ပြုပြင်ပေးရသည်။

ဆီးကင်းခန့်၊ ကွမ်းသီးလုံးခန့်ဟူသော မသေချာမရေရာသည့် အသုံးအနှုန်းများ၊ ဆေးတစ်မျိုးတည်းဖြင့် ၉၆ပါးရောဂါကို ရေလဲသုံး၍ ရခြင်းမျိုး၊ မပျောက်နိုင်သည့် ရောဂါများကို အမြစ်ပြတ်စေတာမျိုးတို့ကို ပြုပြင်စေရသည်။

ဆေးဝါးထုတ်လုပ်သူများကိုလည်း ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှု နည်းမှန်ကျင့်စဉ် သင်တန်းများပေးခြင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် စစ်ဆေးသူများအတွက် လမ်းညွှန်စာအုပ်များကို ပြုစုထုတ်ဝေခြင်း၊ ဆေးဝါးစက်ရုံများကို ကိုယ်တိုင်ကိုယ်ကျ လှည့်လည်စစ်ဆေးကြီးကြပ်ခြင်းများ ပြုလုပ်ခြင်းဖြင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းမှာ တစ်စထက်တစ်စ ခေတ်မီတိုးတက်လာခဲ့ရာ ဆေးမှုန့်ဘဝမှ ဆေးပြား၊ ဆေးပြားဘဝမှ ဆေးတောင့်ဖြစ်လာပြီး တချို့ဆိုလျှင် Extraction ဆေးအနှစ်ထုတ်၍ သုံးလာကြပြီ ဖြစ်သည်။ သတင်းစာစက္ကူ၊ ကော်ပီစာရွက်တို့ဖြင့် ထုပ်ပိုးရာမှ ပလတ်စတစ်၊ အလူမီနီယံစသည်ဖြင့် ခေတ်မီစွာ ထုပ်ပိုးလာကြသည်။ ယခုအခါ Blister Pack ဆေးကတ် ထုပ်ပိုးမှုများအထိ တိုးတက်လာခဲ့သည်။

လူသားတို့သည် အစဉ်အမြဲ တီထွင်ဆန်းသစ်မှုများဖြင့် တိုးတက်နေကြ သည်။ ကုန်ပစ္စည်းများတီထွင်မှု၊ သိပ္ပံပညာတိုးတက်မှု ရေအလျဉ်တွင် လူသုံးကုန်ပစ္စည်းများသည် လျှပ်စစ်စွမ်းအားနှင့် အီလက်ထရောနစ်နည်းပညာများဖြင့် ဆန်းသစ်လာရာ လူသားများ စုပါပါဝါရလာသည့်နှယ် ဖြစ်ခြေသည်။

ရောဂါဆန်းတစ်မျိုး ပေါ်လာတိုင်း လူသားတို့၏စွမ်းအားဖြင့် ယင်းရောဂါအား ကာကွယ်ကုသနိုင်သော ဆေးကို ဖော်ထုတ်ရန်အတွက် သုတေသနပြုကြသည်။

လူသားတို့သည် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေရသည်။ တီထွင်ဆန်းသစ်မှုများဖြင့် အသက်ဆက်နေကြသည်။ သို့ဖြင့် ကြော်ငြာများလည်း တစ်စထက်တစ်စ၊တစ်မျိုးပြီးတစ်မျိုးဆန်းသစ်လာသည်။ရင်ခွင်ပိုက်ကြော်ငြာခြင်းမှသည် နယ်ကျယ်ကြားခံနယ်များကို အသုံးပြုလာကြသည်။ ရေဒီယို၊ ရုပ်ရှင်၊ကြော်ငြာများမှ တီဗွီ၊ ရေဒီယိုကြော်ငြာများ၊ သတင်းစာ စာနယ်ဇင်းမှသည် ဂျာနယ်မဂ္ဂဇင်းများ၊ မော်တော်ကားကြော်ငြာ၊ လမ်းဘေးကြော်ငြာစသည်ဖြင့်စုံလှသည်။

ကြော်ငြာနည်းများလည်း ဆန်းသစ်လာသည်။ ဂျာနယ်မဂ္ဂဇင်းများတွင် ကြော်ငြာဆောင်းပါးဟူ၍ ပေါ်လာသည်။ ရုပ်မြင်သံကြားအစီအစဉ်များတွင် ပံ့ပိုးကူညီ၍ ကြော်ငြာလာကြသည်။ ဆိုကြမယ်ပျော်ကြမယ်၊ သုတစုံလင်ရွှေဉာဏ်ရှင်၊ သီရိဂေဟာ၊ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ၊ အလှရှာမယ် လှကမ္ဘာဝယ် စသည် စသည်ဖြင့် ပရိုဂရမ်အသစ်တစ်ခု တိုးလေ ကြော်ငြာဖို့အခွင့်အလမ်းတစ်ခု တိုးလေပင်။

တိုင်းရင်းဆေးကြော်ငြာများကို စနစ်တကျဖြစ်စေဖို့ ၁၉၉၉ ခုနှစ်လောက်ကစပြီး ကြော်ငြာလိုသည့် စာသား အရုပ်နှင့် အသံများကို တိပ်ခွေနှင့် တင်ပြီး ခွင့်ပြုချက်ရယူစေခဲ့သည်။

တိုင်းရင်းဆေးဆိုင်ရာစာမူများ၊ ဆေးဝါး၊ ဆေးခန်းကြော်ငြာများသည် ဦးစီးဌာန၏ ခွင့်ပြုချက်လိုအပ်ကြောင်း ၃၀-၈-၂၀၀၆ ရက်တွင် နေ့စဉ်ထုတ် သတင်းစာများ၌ ဖော်ပြပြီးဖြစ်သည်။

တိုင်းရင်းဆေးကြော်ငြာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည်ကို တွေ့ရသည်။ ထုတ်လုပ်သော တိုင်းရင်းဆေးဝါးများကို ဂျာနယ်မဂ္ဂဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့၌ တွေ့ရသည့်အပြင် ကြော်ငြာဆောင်းပါးများအနေဖြင့်လည်း တွေ့ရှိရသည်။

ဤတွင်မက ပညာပေးရေးသားမှုများမှ ဆေးဖက်ဝင် အပင်များ လူသိများပြီး အသုံးများလာကြသည်။

ဆေးဝါးများကို ကြော်ငြာရုံဖြင့် အားမရသေး၊ တစ်ခါတစ်ခါ ဆေးဆရာပုံများက ပါလာသည်။ မဂ္ဂဇင်းများမှာ ဆေးဆရာ ဓာတ်ပုံနှင့်

**ကြော်ငြာခြင်းဟူသည် မိမိကုန်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူး ရောင်းချနိုင်ရေးအတွက် လူအများသိရှိအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက် ခြင်းဖြစ်၏။**

**ဤသို့ ဆောင်ရွက်ရာ၌ မိမိ၏ကုန်ပစ္စည်း ကျော်ကြားအောင်မှု မညာသင့်ပါ။**

ကြော်ငြာကြ၊ ရုပ်မြင်သံကြားမှာ တစ်ချီတစ်ချီ ဆရာကိုယ်တိုင် ထွက်လာလို့ တားရဆီးရတာတွေ ရှိခဲ့ပါသည်။ မဂ္ဂဇင်းများတွင် ဆရာဝန်များ၊ တိုင်းရင်းဆေးဆရာများ၏ ဓာတ်ပုံဝေဝေဆာဆာဖြင့် အင်တာဗျူးဆောင်းပါးများသည်လည်း ကြော်ငြာခြင်းတစ်မျိုး ဖြစ်သည်ဟု ထင်ပါသည်။

စာရေးသူတို့ တိုင်းရင်းဆေးဝါး မှတ်ပုံတင်များ တာဝန်ယူစဉ်က တွေ့ရသော အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ ရှေးယခင်က ဆေးထုတ်ရာမှာ ဆေးဆရာ၏ ဓာတ်ပုံအမှတ်တံဆိပ်ဖြင့် ထုတ်လေ့ရှိကြသည်။ အတုအပ ရှောင်လိုသည့်သဘော၊ ဆေးစစ်ဆေးမှန်ဟု အာမခံလိုသည့် သဘောပင်။ ဤအလေ့အထသည် ဆေးဆရာကို ကြော်ငြာသလို ဖြစ်နေသည်။ ဤသည်ကို ဖြေရှင်းရန်ဆုံးဖြတ်ခဲ့ရသည်။ ရှေးယခင်က စတင်ထုတ်ပြီး ခေတ်အဆက်ဆက်ထုတ်လာခဲ့၍ လူတကာ အမြင်အာရုံတွင် စွဲငြိပြီးလည်းဖြစ်၊ ဓာတ်ပုံပါ ဆေးဆရာမှာလည်း ကွယ်လွန်ပြီးဖြစ်ပါက သုံးခွင့်ပြုခဲ့ပြီး သက်ရှိထင်ရှားများနှင့် နောက်အသစ်ထုတ်လုပ်သည့် ဆေးများတွင်မူ ဆေးဆရာပုံများကို သုံးခွင့်မပြုခဲ့ပါ။

ကြော်ငြာမှုလည်း အများသူငါ သုံးချင်ကြသည်။ ကြော်ငြာထားသည့် အမှတ်တံဆိပ်ကိုမှ သုံးကြည့်လိုက်ချင်သည်။ ဈေးပိုလျှင် ပိုပါစေ။ တစ်ခုဖြစ်နိုင်သည်။ စိတ်ချရသော မီဒီယာများမှ ကြော်ငြာခြင်းများကို စိစစ်ပြီးဟု ယူဆဟန်ရှိသည်။ တကယ်လည်း စိစစ်ကြပါသည်။ ရှုထောင့်အမျိုးမျိုးမှ စိစစ်ကြသည်။ ယဉ်ကျေးမှုရှုထောင့်၊ တိုင်းရင်းဆေးရှုထောင့်၊ လူမှုရေးရှုထောင့်၊ နိုင်ငံရေးရှုထောင့် စသည် …စသည်…။ ထို့ကြောင့် စိတ်ချရသော မီဒီယာဖြစ်လေ စိစစ်မှုကို အလေးပေးရလေ ဖြစ်သည်။ စိစစ်ပေးရသော ဌာနများအနေဖြင့်လည်း တာဝန်ကြီးပါသည်။

**ကြော်ငြာခြင်းဟူသည် မိမိကုန်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤသို့ ဆောင်ရွက်ရာ၌ မိမိ၏ကုန်ပစ္စည်း ကျော်ကြားအောင်မှု မညာသင့်ပါ။** ကျော်ညာ မဖြစ်သင့်ပါ။ ကြော်ငြာအတွက် မလေးစေသင့်ပါ။ ။

## ငွေပဒေသာပင်လှူဒါန်း

**ဇန်နဝါရီ ၅ရက်က တိုက်(၁) အခန်း(၀၀၆) သာယာရွှေပြည်လမ်း (၁၆)ရပ်ကွက် ရန်ကင်းနေ ဦးကြင်အိမ်-ဒေါ်ကျင်ရွှေ မိသားစုတို့က အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာဟိတေသီအဖွဲ့သို့ ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးတင်ရွှေက လက်ခံယူစဉ်။**
(က-ပ)

**ဦးသန်းဝင်းအား ရည်စူး၍ ဇန်နဝါရီ ၇ရက်က တောင်ဥက္ကလာပမြို့နယ် ၁၄/၃ ရပ်ကွက် သံသုမာလမ်းနေ ဒေါ်ကြည်အောင် (အေးစန္ဒာ) မိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီးအား ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။**
(၂၀၀)

*စာမျက်နှာ ၉ မှ*

ရထားလမ်းကြောင့် ဒေသခံမိဘပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးတို့ကို များစွာ အထောက်အကူ ပြုလာမည်ဖြစ်သကဲ့သို့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ရာ ဤဒေသအတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသော ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် နေ့တစ်နေ့ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

## ပိုမိုကောင်းမွန်

မိမိတို့ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ရထားလမ်းများကို ဖောက်လုပ်ပေးခဲ့ရာ ချောင်းဦး-ပခုက္ကူ-ကျော-ကလေး မီးရထားလမ်းနှင့် ဘုတလင်-ရေဦး-ခင်ဦး မီးရထားလမ်းတို့ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် မီးရထားရော ကားပါ အသုံးပြုနိုင်သည့် မူးမြစ်ကူးတံတား၊ ချင်းတွင်းမြစ်ကူးတံတား(ဆင်ဖြူရှင်)နှင့် မြစ်သာမြစ်ကူးတံတား(ကန်)တို့ကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုခဲ့ကြောင်း။

ဆက်လက်ပြီး ကြံခင်း-ပခုက္ကူရထားလမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းယှဉ်ပါက ရေ၊ မြေ၊ သယံဇာတအခြေအနေ မကွာဟသော်လည်း လမ်းပန်း ဆက်သွယ်မှုအခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ပြီးစီးပါက ယခင် ဖောက်လုပ်ခဲ့ပြီးသည့် ရထားလမ်းများနှင့်ဆက်စပ်ပြီး ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးမြို့အထိ သွားလာနိုင်ကြတော့မည်ဖြစ်သည့်အတွက် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကို များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း။

ဤရထားလမ်းနှင့် ပုံညာတောင်ဥမင်အပိုင်းကို တာဝန်ယူဖောက်လုပ်ပေးခဲ့သည့် မြန်မာ့မီးရထား ဝန်ထမ်းများ၏ အားမာန်နှင့် ဆောင်ရွက်ချက်စွမ်းပကားများကိုလည်း မှတ်တမ်းတင်ရှိရပါကြောင်းဖြင့် ပြောကြားသည်။

**ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စသည့် ရပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။**

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပုံညာတောင် ဥမင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

**အမှာစကား ပြောကြား**

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## တစ်ခန်းတစ်ကဏ္ဍ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားလမ်းဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် အားသွန်ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်အတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

## ဆက်သွယ်သွားလာနိုင်

ယနေ့ဖွင့်လှစ်သည့် ကျော-ရေမျက်နီ လမ်းပိုင်းသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသ၊ ပုံတောင် ပုံညာဒေသနှင့် မြစ်သာချိုင့်ဝှမ်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဖောက်လုပ်ခဲ့သည့် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယင်းလမ်းပိုင်း၌ ပုံညာတောင်တန်းကြီးက အတားအဆီးသဖွယ် တည်ရှိနေခဲ့သည့်အတွက် ပခုက္ကူဘက်ခြမ်း၌ ပခုက္ကူမှ ကျောအထိ ၉၃ ဒသမ ၅၄ မိုင်ကို လည်းကောင်း၊ ဂန့်ဂေါ-ကလေးဘက်ခြမ်း၌ ရေမျက်နီမှ ကလေးအထိ ၁၀၅ ဒသမ ၃၄ မိုင်ကိုလည်းကောင်း ရထားလမ်း ဖောက်လုပ်နိုင်ခဲ့ပြီး ကျောနှင့်ရေမျက်နီသည် ဤပုံညာတောင်တန်းကြီးကြောင့် ဆက်စပ်ဖောက်လုပ်ရန် အခက်အခဲဖြင့်ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းအခက်အခဲ အတားအဆီးကို ကျော်ဖြတ်နိုင်ရန်အတွက် ပုံညာတောင်ဥမင်ကို ၁၆-၁၀-၁၉၉၆ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၅-၇-၂၀၀၆ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ဥမင်အရှည် ပေ ၅၆၁၀၊ ဥမင်အကျယ် ၁၅ ပေ ၄ လက်မနှင့် ဥမင်အမြင့်သည် ၁၉ ပေ ၄ လက်မရှိကြောင်း၊ ဥမင်အတွင်း လူရှောင်ပေါက် ၁၂ ပေါက်ပါရှိပြီး ဥမင်အမျိုးအစားမှာ သံကူကွန်ကရစ် (R.C.C Lining) အမျိုးအစားဖြစ်ကြောင်း၊ ပုံညာတောင်ဥမင်ဖောက်လုပ်ပြီးစီးသွားသည့်အတွက် ဆက်စပ်ရန် ကျန်ရှိနေသော ကျော-ရေမျက်နီ လမ်းပိုင်းအရှည် ၂၇ ဒသမ ၆ မိုင် (ဥမင်အပါအဝင်)ကို ၃၀-၄-၂၀၀၀ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ပခုက္ကူ-ဂန့်ဂေါ-ကလေးအထိ တစ်ဆက်တည်း ရထားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

**မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်း ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ**

**ရှင်းလင်း တင်ပြ**

**ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားလမ်းဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ရထားလမ်းအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာရှိခဲ့ရာက ယနေ့ဖွင့်လှစ်မည့် ကျော-ရေမျက်နီ ရထားလမ်းပိုင်းအပါအဝင် တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်းအရှည် ၁၁၄၂ ဒသမ ၄၄ မိုင်ကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့ရထားလမ်းအရှည် စုစုပေါင်း ၃၁၁၈ ဒသမ ၇၉ မိုင်ကိုလည်းကောင်း၊ ၁၉၈၈ မတိုင်မီက ဘူတာရုံ ၄၈၇ ဘူတာသာရှိခဲ့ရာက တပ်မတော်အစိုးရလက်ထက်တွင် ၃၁၁ ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ဘူတာရုံပေါင်း ၇၉၈ ဘူတာကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက တံတားကြီး/ငယ် စုစုပေါင်း ၅၆၅၀ စင်းရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် တံတားကြီး/ငယ် ၄၀၁၁ စင်းကို ထပ်မံ တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး/ငယ် စုစုပေါင်း ၉၆၆၁ စင်းကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် ၁၉၈၈ ခုနှစ်တွင် နေ့စဉ်ပြေးဆွဲနေသော လူစီးရထား ၂၂၉ စင်းရှိခဲ့ရာမှ ယခုအချိန်တွင် လူစီးရထား ၄၀၉ စင်းအထိ တိုးပြီး ပြေးဆွဲနေပြီဖြစ်ကြောင်း။

## တန်းတူညီတူ

**နိုင်ငံတော်အကြီးအကဲက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းစာပါက ရေမြေသယံဇာတ အခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့ စီးပွားရေး၊ လူမှုရေးအခြေအနေ တန်းတူညီတူဖြစ်စေရန် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရန်မှာ မဖြစ်မနေ လိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်းဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ပြီးဖြစ်သော ရထားလမ်းများနှင့် ဆက်စပ်ပြီး ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးမြို့အထိ သွားရောက်နိုင်မည်ဖြစ်ကြောင်းကို လမ်းညွှန်ခဲ့ပါကြောင်း၊** ယခုအခါတွင် ကြံခင်းမှ ဥသျှစ်ပင်အထိ ရထားလမ်းပိုင်း ၄၀ ဒသမ ၅ မိုင်ကို ဖောက်လုပ်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူများကိုယ်စား ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ကျောကျေးရွာမှ ဦးသန်းဝင်းက ဂန့်ဂေါမြို့နှင့် ကလေးမြို့တို့ကို မီးရထားလမ်း ဖောက်လုပ်ပေးခဲ့သည့်အတွက် ယောဒေသမှ ပြည်သူများအနေဖြင့် မြေပြန့်နှင့် တောင်ပေါ် တောက်လျှောက် တစ်ဆက်တည်း လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သည့်အတွက် ယောဒေသမှပြည်သူများက နိုင်ငံတော်အစိုးရအား ကျေးဇူးတင်လျက်ရှိပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ရထားလမ်းပိုင်းဖွင့်ပွဲ ကျင်းပမည့်နေရာသို့ သွားရောက်နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားမှဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အထူးရထားသည် ကျောဘူတာမှ စတင်ထွက်ခွာရာ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အထူးရထားဖြင့် လိုက်ပါကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ပုံညာတောင်ဥမင်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ပုံညာတောင်ဥမင်(အရှေ့)၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ပုံညာတောင်ဥမင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပုံညာတောင် ဥမင်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် မြန်မာ့မီးရထားဝန်ထမ်းများသည် ဥမင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုံညာတောင်ဥမင်(အရှေ့) ဘူတာမှ ပုံညာတောင်(အနောက်)ဘူတာသို့ ရထားဖြင့် ဖြတ်သန်းကြသည်။

ယင်းနောက် အထူးရထားသည် ပုံညာတောင်ဥမင်(အနောက်) ဘူတာမှ ရေမျက်နီ ဘူတာသို့ ဆက်လက်ထွက်ခွာသွားပြီး ဖွင့်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် တပ်နယ်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမွေးမြူသွားကြရေး၊ ရော်ဘာပင်၊ ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးတို့ကို မှာကြားပြီး စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# ၁၀ ရက်တရားစခန်းပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၄၇)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း ဆရာတော်ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာစိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် တပို့တွဲလပြည့်ကျော်၃ရက်(ဖေဖော်ဝါရီ ၄ရက်)တနင်္ဂနွေနေ့ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။**(က-ပ)**

# ခိုးထရက်ဖို့ဒ်၌ ဝက်ဖို့ဒ်ထံမှ သုံးမှတ်ရဦးမည့် မန်ယူ ချယ်လ်ဆီးကို မာမာတင်းတင်း တုံ့ပြန်ကစားမည့် ဘလက်ဘန်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၂၅)

## သုံးသပ်တင်ပြသူ မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၂၈

**ပရီမီယာလိဂ်တန်းစီဇယား ထိပ်ဆုံး၌ရှိနေသည့် အသင်းကြီးများ မမျှော်လင့်သော ရလဒ်များနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ပွဲစဉ်(၂၄)အပြီးတွင်လည်း ချန်ပီယံမည်သူဖြစ်နိုင်သည်ကို တပ်အပ်သေချာ မခန့်မှန်းနိုင်အောင် ဖြစ်နေပြန်ရာ ပရီမီယာလိဂ်သည် စိတ်ဝင်စားစရာကောင်းသည့် ပဟေဠိတစ်ပုဒ်လို ပရိသတ်ကို ဖမ်းစားနိုင်စွမ်းရှိနေပြန်သည်။**

ပရီမီယာလိဂ်ပွဲစဉ်(၂၅)ကို ဇန်နဝါရီ၃၀ရက်၌ ကစားမည်ဖြစ်ရာ မန်ယူက ဝက်ဖို့ဒ်နှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်သလို ချယ်လ်ဆီးကလည်း ဘလက်ဘန်းနှင့် မိမိကွင်း၌ ဧည့်ခံရမည်ဖြစ်သဖြင့် နိုင်ပွဲများရရှိမည့် အနေအထားများ ရှိနေသည်။ အာဆင်နယ်က မန်စီးတီးနှင့် ရင်ဆိုင်ရမည်ဖြစ်ရာ ပွဲကျပ်နေပြီး လီဗာပူးက ဝက်စ်ဟမ်းနှင့်အဝေးကွင်း၌ သွားကစားရမည်ဆိုသော်လည်း ဝက်စ်ဟမ်းတို့ ခြေပျက်နေသည့်အတွက် ဘင်နီတက်ဇ် သုံးမှတ်ရဦးမည့် ပွဲပင်ဖြစ်သည်။

## မန်ယူနှင့် ဝက်ဖို့ဒ်

ဒုတိယနေရာမှ ချယ်လ်ဆီးကို အမှတ်ဖြတ်ရန် ကြိုးစားနေသော မန်ယူသည် အာဆင်နယ်ကို မမျှော်လင့်ဘဲ ရှုံးခဲ့ရသည့်အတွက် စိတ်ချလက်ချ ရှေ့မှ ဦးမဆောင်နိုင်ဘဲ ဖြစ်နေရာ ပွဲတိုင်း အနိုင်ရအောင် အားသွန်ကစားမှ ရမည့်အခြေအနေ ဖြစ်လာသည်။

တန်းစီဇယားအောက်ဆုံးမှ ဝက်ဖို့ဒ်တို့ကို ဒုက္ခမပေးနိုင်ဟု တွက်ချက်ကာ အမာခံ ဘောလုံးသမားများ အပြည့် မထုတ်သုံးလျှင် ဖာဂူဆန် မမျှော်လင့်သော သရေပွဲနှင့် ကြုံတွေ့သွားရနိုင်သည်။ ဝက်ဖို့ဒ်သည် မန်ယူကို ခြေရည်တူမကစားနိုင်သော်လည်း သရေပွဲဖြစ်အောင် ခံကစားနိုင်သည်ဖြစ်ရာ မန်ယူတိုက်စစ်သည် အရန်လူသုံး၍ မဖြစ်နိုင်ချေ။

ဖာဂူဆန်အနေဖြင့် လာဆင်၊ ရွန်နေ၊ စီရိုနယ်ဒိုနှင့် ဆာဟာတို့ကို အကုန်ထုတ်ကစားမှ အောင်ပွဲရရန် သေချာမည်ဖြစ်ရာ ပေါ့ပေါ့ဆဆကစားပါက နောင်တရသွားပေလိမ့်မည်။ တန်းဆင်းဇုန်မှ ရုန်းထွက်ရန်ကြိုးစားနေသော ဝက်ဖို့ဒ်တို့က အစွမ်းကုန် ခံကစားမည်ဖြစ်ရာ အသင်းငယ်များနှင့် ကစားတိုင်း ခြေမပေါ်တတ်သည့် မန်ယူ၏ အားနည်းချက်ကို ဝက်ဖို့ဒ်တို့ တန်ဖိုးရှိစွာ အသုံးချမသွားနိုင်အောင် ဖာဂူဆန် စီမံခင်းကျင်းရမည်ဖြစ်သည်။ သို့သော်လည်း အဘက်ဘက်က သာလွန်နေသော မန်ယူကို ဝက်ဖို့ဒ်တို့တော်ရုံ ခြေစွမ်းဖြင့် ရမည်မဟုတ်ရာ မန်ယူတို့ သုံးမှတ် အပြည့်ယူမည့်ပွဲပင် ဖြစ်သည်။

## ချယ်လ်ဆီးနှင့် ဘလက်ဘန်း

ရှက်ဗ်ချင်ကို ဂိုးများပြန်သွင်းလာနိုင်ပြီဖြစ်ရာ ချယ်လ်ဆီးတိုက်စစ် အားကောင်းလာသည်။ ဒရော့ဘာနှင့် ရှက်ဗ်ချင်ကိုအတွဲအား ဘလက်ဘန်း ခံစစ်မှူးများဖြစ်သည့် ဟန်ချော၊ အိုရီချာ၊ မက်အီဗီလေးနှင့်ဖူးရစ်တို့ ထိန်းနိုင်ရန် မလွယ်ချေ။

လမ်းပတ်၊ အက်စီယံတို့ကလည်း တိုက်စစ်၊ ခံစစ်ကိုမျှအောင် ကစားပေးနိုင်လျက်ရှိရာ ချယ်လ်ဆီးတို့ အင်အား အပြည့်နှင့် ထိုးဖောက်ကစားလျှင် ဘလက်ဘန်းတို့ ဂိုးများပေးရမည်သာ ဖြစ်သည်။ သို့သော် ဘလက်ဘန်းသည် မန်စီးတီးကို သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူထားသဖြင့် စိတ်ဓာတ်တက်ကြွနေရာ ချယ်လ်ဆီးမှာ အဝေးကွင်းဖြစ်သော်လည်း မာမာတင်းတင်း တုံ့ပြန်ကစားမည် ဖြစ်သည်။

ဘလက်ဘန်းတွင်နွန်ဒါနှင့်မက်ကာသေးတို့ကလည်း ဂိုးရအောင်သွင်းယူနိုင်ကြသူများဖြစ်ရာ မော်ရင်ဟိုလျှော့တွက်လျှင် ဘလက်ဘန်းနည်းပြ မာဟုချ်၏ သင်ခန်းစာပေးခြင်းကို ခံရကိန်းဆိုက်သွားနိုင်သည်။ သို့သော် ပြီးခဲ့သည့် ပွဲစဉ်များ၌ ရလဒ်မကောင်းခဲ့သည့်အတွက်



မန်ယူ တိုက်စစ်မှူး ဆာဟာ။

ဝေဖန်ပြစ်တင်မှုများနှင့် ရင်ဆိုင်နေရမှုကို ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ချေဖျက်မည်ဖြစ်ရာ ချယ်လ်ဆီးတို့ အနိုင်ရအောင်ကစားမည်သာဖြစ်သည်။ ချယ်လ်ဆီးတို့အနိုင်နှင့် သရေကလွဲပြီး ရှုံးပွဲမကြုံတွေ့နိုင်ချေ။

## အာဆင်နယ်နှင့် မန်စီးတီး

ဇန်ပါစီခြေထောက်ဒဏ်ရာ ရရှိနေသည့်အတွက်အာဆင်နယ်တိုက်စစ်တွင် အွန်နရီတစ်ဦးတည်းသာ ဦးဆောင်ရမည်ဖြစ်ရာ မန်စီးတီးကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ် ရှိနေသည်။ အာဆင်နယ် ကစားသမားများ ပွဲပမ်းနေရာ ယင်းအချက်ကို မန်စီးတီးနည်းပြစတီးဝပ်ပီးယား ကောင်းကောင်းအသုံးချနိုင်လျှင်အနိုင်နှင့် သရေ မှန်းနိုင်လေသည်။

သို့သော်မန်စီးတီးတိုက်စစ်မှူးများဖြစ်သည့် ဗက်ဆဲလ်၊ ကော်ရာဒီနှင့် ဆင်ကလဲရားတို့က ဂိုးသွင်းစွမ်းရည်ကျဆင်းနေရာ အိမ်ကွင်း၌ ဘလက်ဘန်းကိုပင် သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကြောင့် စတီးဝပ်ပီးယား မျက်နှာပျက်စရာဖြစ်ခဲ့ရသည်။ တိုက်စစ်တွင် ဇန်ပါစီနှင့် ခံစစ်တွင် ဂါးလက်စ်မရှိသော်လည်း အာစင်ဝင်းဂါး၏ ဗျူဟာအခင်းအကျင်းဖြင့် နိုင်ပွဲရအောင် ဖန်တီးနိုင်ရာ ပရီမီယာလိဂ်သရဖူလုပွဲကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာသော အာဆင်နယ်သည် မန်စီးတီးကို အနိုင်ရအောင်ကစားမည်သာ ဖြစ်သည်။ အာစင်နယ်သည် အိမ်ကွင်းလုံးဝရှုံးပွဲမရှိအောင် ကစားထားနိုင်သော အသင်းဖြစ်ရာ အာစင်ဝင်းဂါးက ယင်းမှတ်တမ်းကို အပျက်ခံမည်မဟုတ်သလို ရမှတ်လိုအပ်နေသည့်အတွက် သုံးမှတ်ရအောင်မန်စီးတီးကို အနိုင်ကစားမည်ပင် ဖြစ်သည်။

## ဝက်စ်ဟမ်းနှင့် လီဗာပူး

ချယ်လ်ဆီးကိုနှစ်ဂိုးပြတ်နှင့် အနိုင်ယူခဲ့သဖြင့် စိတ်ဓာတ်တက်ကြွနေသော လီဗာပူးတို့ အဝေးကွင်း၌ဝက်စ်ဟမ်းကို အနိုင်ရအောင် ကစားမည်သာဖြစ်သည်။ ဒက်ကွတ်၊ ပီတာခရော့ချ်နှင့် ရီစီတို့၏ တိုက်စစ်အတွဲဖြင့် ဘင်နီတက်ဇ် အောင်ပွဲရနေရာ ယခုပွဲ၌လည်း ယင်းတိုက်စစ်အတွဲကိုပင် ပွဲထုတ်ဖွယ် ရှိနေသည်။

အလွန်ဆို၊ ဂျရတ်နှင့် ပင်နက်တို့ကလည်း ခြေပေါ်နေရာလီဗာပူးတို့ ပုံမှန်ခြေစွမ်းပြန်ရနေသဖြင့် ဝက်စ်ဟမ်းတို့အိမ်ကွင်းဖြစ်သော်လည်း အနိုင်မရနိုင်ချေ။ ဝက်စ်ဟမ်းတိုက်စစ်မှူးများဖြစ်သည့် ဇာမိုရာနှင့် တေဗက်ဇ်တို့က ဂိုးသွင်းစွမ်းရည်ရှိသော်လည်း နောက်တန်း ခံစစ်မှူးများ ဖြစ်သည့် ကောလင်း၊ ဖာဒီနန်၊ ကွန်ချာစကီနှင့် မူလင်စ်တို့က အမှားအယွင်းရှိနေတက်ကြရာ လီဗာပူးတိုက်စစ်မှူးများ အကြိုက်ဖြစ်သွားနိုင်သည်။ ဘင်နီတက်ဇ်သည် အဝေးကွင်း ဖြစ်သော်လည်း မနှစ်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ရလဒ်အတိုင်း ပြန်ရအောင်ကစားမည် ဖြစ်ရာ လီဗာပူးတို့ နိုင်ပွဲပင်ဖြစ်သည်။

## ဘော်လ်တန်နှင့် ချာလ်တန်

ပွဲစဉ်(၂၄)၌ မစ်ဒယ်ဘရော့တို့က ငါးဂိုးအထိသွင်းပြီး အနိုင်ယူခဲ့ခြင်း ခံရသဖြင့် ဘော်လ်တန်နည်းပြ ဆမ်အလာဒိုက်စ် သိက္ခာကျစရာ ဖြစ်ခဲ့ရသဖြင့် ယခုပွဲ၌ ချာလ်တန်ကို အနိုင်ကစားရန် ကြိုးစားမည်ဖြစ်သည်။ ဘော်လ်တန်တွင် ဒိုင်အုပ်ဖ်၊ ဒေးဗစ်နှင့်အနယ်ကာတို့ ခြေစွမ်းပြနိုင်လျှင် ချာလ်တန်တို့ကို ဂိုးပြတ်သွင်း အနိုင်ရဖွယ်ရှိသည်။

သို့သော် ချာလ်တန်က ပို့စ်မောက်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ပူပူနွေးနွေး အနိုင်ယူထားသည်ဖြစ်ရာ အနိုင်ရလိုမှု စိတ်ဓာတ် မြင့်မားနေချိန်ဖြစ်သဖြင့် ဘော်လ်တန်ကို အစွမ်းကုန်ကြိုးစားကစားမည်မှာ သေချာသည်။ ချာလ်တန်နည်းပြ အလန်ပါဂျူးသည် တန်းမဆင်းရရေး ဦးတည်ချက်ဖြင့် သောမတ်၊ ရိုမင်ဒတ်၊ မာကပ်ဘင့်နှင့် ဖာရေးတို့ကို နိုင်ပွဲရအောင် ကြိုးစားခိုင်းမည်ဖြစ်ရာ ဘော်လ်တန်တို့ သုံးမှတ်ရရေးအိပ်မက် ပျက်ပြယ်သွားနိုင်သည်။ သို့ရာတွင် အိမ်ကွင်း၌ ရလဒ်ကောင်းအောင်ကစားနိုင်သော ဘော်လ်တန်သည် ယခုပွဲ အနိုင်ရအောင်သာ ကစားမည်ဖြစ်သည်။ ဘော်လ်တန်တို့ နိုင်ပွဲကလွဲပြီး အခြားရလဒ် မရနိုင်ချေ။

## ပို့စ်မောက်နှင့် မစ်ဒယ်ဘရော့

ပို့စ်မောက်တို့ မနှစ်က အိမ်ကွင်း၌ မစ်ဒယ်ဘရော့ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူထားခဲ့ရာ ယခုပွဲ၌ ယင်းရလဒ်ပြန်ရရန် မလွယ်ချေ။ မစ်ဒယ်ဘရော့သည် အင်အားအပြည့်ဖြင့် ကစားအားကောင်းသော အသင်းဖြစ်ရာ စုစည်းမှုမကောင်းလျှင် ပို့စ်မောက်တို့ ကစားကွက်တည်မရအောင် ဖြစ်သွားနိုင်သည်။

သို့သော် ပို့စ်မောက်သည်တိုက်စစ်၊ ခံစစ်မျှသောအသင်းဖြစ်ရာ မစ်ဒယ်ဘရော့ကို အိမ်ကွင်း၌အနိုင်ရအောင် နည်းပြဘယ်ရီရက်နက် ကြိုးစားမည်ဖြစ်သည်။ တန်းဆင်းဇုန်အတွင်းရှိနေသည့် ချာလ်တန်ကို အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့ရသဖြင့် ဝေဖန်ပြစ်တင်ခံနေရမှုများကို ယခုပွဲ၌ ဘယ်ရီရက်နက် ချေဖျက်မည်ဖြစ်ရာ အကြိတ်အနယ် ပွဲပင်ဖြစ်သည်။ ပို့စ်မောက်တိုက်စစ်မှူးကနူး၊ အင်ဒရီကိုးလ်နှင့် မင်ဒက်စ်တို့ ခြေပေါ်လျှင် ပို့စ်မောက်တို့နိုင်ပွဲပင်ဖြစ်သည်။ မစ်ဒယ်ဘရော့၏ အားနည်းချက်မှာ အဝေးကွင်းရလဒ် မကောင်းတတ်သည်ဖြစ်ရာ အမြင့်ဆုံးမှန်းနိုင်သည်က သရေပွဲပင် ဖြစ်သည်။

ချယ်လ်ဆီးအတွက် ဂိုးများသွင်းပေးတော့မည့် ရှက်ဗ်ချင်ကို။

## ရက်ဒင်းနှင့် ဝီဂန်

ခြေစွာနေသောရက်ဒင်းတို့ နိုင်ပွဲဆက်မည့် ပွဲပင်ဖြစ်သည်။ ရက်ဒင်းတွင် ရှန်လွန်း၊ ခရစ်ဇ်နှင့် စတီဖင်ဟန့်တို့က ဂိုးသွင်းခြေမြူးနေကြသလို ကွင်းလယ်မှ လီတယ်၊ ဆွန်ကို၊ ဟာပါတို့ကလည်း ခြေစွမ်းပြနေကြသဖြင့် ရက်ဒင်းတို့ နိုင်ပွဲများရနေရာဝီဂန်ကိုလက်ဗလာဖြင့် အိမ်ပြန်ခိုင်းမှာ သေချာသည်။

သို့သော် တန်းဆင်းဇုန်နားရောက်နေသော ဝီဂန်ကလည်း ရက်ဒင်းကို ခြေကုန်ထုတ်ကစားပြီး ရနိုင်သမျှ အမှတ်ယူမည်ဖြစ်ရာ ဝီဂန်တိုက်စစ်မှူးများဖြစ်သည့် မက်ကူလော့၊ ဟက်စကီးတို့ အခွင့်အရေးရသမျှ အသုံးချနိုင်လျှင် သရေပွဲမျှော်မှန်းနိုင်မည် ဖြစ်ရာ အကြိတ်အနယ်ရှိမည့် ပွဲပင်ဖြစ်သည်။ ယခုပွဲသရေဖြစ်သွားနိုင်ပြီး အနိုင်ဆိုလျှင် ရက်ဒင်းတို့သာ ဖြစ်ပေမည်။

## ရှက်ဖီးနှင့် ဖူလ်ဟမ်

တန်းဆင်းဇုန်နားရစ်ဝဲနေသော အသင်းများဖြစ်ရာ အနိုင်ရအောင်ကစားရမည်ဖြစ်သဖြင့် ခြေကုန်ထုတ်ကြမည့် ပွဲပင် ဖြစ်သည်။ ရှက်ဖီးတို့ခြေတက်လာသော်လည်း ဖူလ်ဟမ်တို့က ခြေစွမ်းပိုငြိမ်သည်ဖြစ်ရာ မက်ဘရစ်၊ ဟဲလ်ဂူဆင်နှင့် ရက်ဇင်စကီးတို့အချိတ်အဆက်မိမိ ထိုးဖောက်ကစားနိုင်လျှင် ရှက်ဖီးအပေါ် အောင်ပွဲခံနိုင်သည်။

တိုက်စစ်တွင် ဖူလ်ဟမ်က သာသလို ခံစစ်တွင် ရှက်ဖီးမှ ဒေးဗစ်၊ ဂီရီ၊ ခရစ်အမ်စတုန်းနှင့် ကိုလေ့တို့က ပိုကောင်းသည်ဖြစ်ရာ နှစ်သင်းစလုံး အနိုင်ရရေးဦးတည်ကစားမည်ဖြစ်သဖြင့် ပွဲကောင်းပင်ဖြစ်သည်။ ဝါနှင့်သမ္မာအရ ဖူလ်ဟမ်တို့က အနိုင်ရသွားနိုင်သော်လည်း အဖြစ်နိုင် ဆုံးရလဒ်မှာ သရေပွဲပင် ဖြစ်သည်။

## အဲဗာတန်နှင့် စပါး

မနှစ်က အိမ်ကွင်း၌ ဧည့်သည့် စပါးတို့က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူခဲ့မှုကို အဲဗာတန်တို့ ရှုံးကြွေးပြန်ဆပ်ခွင့်ကြုံမည့်ပွဲဖြစ်သည်။ စပါးတွင် ဘာဘာတော့ဗ်က အဲဗာတန်း နောက်တန်းကို ခြိမ်းခြောက်နိုင်သူ ဖြစ်သလို ကြိုသလိုလည်း ဂိုးသွင်းနိုင်သူဖြစ်ရာ အဲဗာတန်ခံစစ်မှူးများဖြစ်သည့် လက်စ်ကော့တ်၊ ဗာလန်တေး၊ စတုစ်နှင့် ယိုဘိုတို့ သတိထားရမည်ဖြစ်သည်။

သို့သော် အဲဗာတန်တိုက်စစ်မှူးများ ဖြစ်သည့် မက်ဖာဒန်၊ ဂျွန်ဆင်၊ ဘက်တေးတို့ကလည်း ပွဲရလဒ်ကိုအချိန်မရွေးပြောင်းလဲနိုင်ကြသူများဖြစ်ရာ စပါးကိုအနိုင်ရအောင် ကစားမည်သာ ဖြစ်သည်။ ယခုပွဲတွင် အဲဗာတန်တို့ အနိုင်နှင့်သရေကလွဲပြီး အရှုံးမရှိနိုင်သလို စပါးတို့အမြင့်ဆုံး မျှော်မှန်းနိုင်သည်က သရေပွဲပင်ဖြစ်သည်။

## နယူးကာဆယ်နှင့် ဗီလာ

နည်းပြ ဂလင်းရိုဒါ၏အခင်းအကျင်းများဖြင့် ပုံမှန်ခြေစွမ်း ပြန်ရလာသော နယူးကာဆယ်တို့ အိမ်ကွင်း ဖြစ်သော်လည်း ဗီလာကိုခက်ခက်ခဲခဲ ရင်ဆိုင်ရမည့် အနေအထားရှိသည်။

သို့သော် အက်စတွန်ဗီလာသည် အဝေးကွင်း၌ခြေပျက်တတ်သည်ဖြစ်ရာ နယူးကာဆယ်တို့ အမာခံဘောလုံးသမားများအပြည့် ထုတ်ကစားလျှင် အခြေအနေကောင်းနိုင်သည်။

ဗီလာနည်းပြ မာတင်အိုးနီးလ် ၅–၃–၂ ပုံစံမှ ပြောင်းလဲကစားနိုင်လျှင် နယူးကာဆယ်ကို ထိန်းချုပ်ကစားနိုင်မည်ဖြစ်ရာ ယခုပွဲ အဖြစ်နိုင်ဆုံးရလဒ်မှာ သရေပွဲပင်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

## အေးချမ်းအောင်မြင်စေတီတော် တည်ထားကိုးကွယ်ရေးအတွက် လှူဒါန်းနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် ကမ်းနားအလယ် ကမ်းနားအနောက်ရပ်ကွက် ရတနာကံကြီးပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇနပတိ (ဓမ္မာစရိယ)က ကြီးမှူး၍ ဉာဏ်တော်အမြင့် ၂၇တောင်၊ ဖိနပ်တော် ၁၈ တောင်၊ အရံစေတီ ရှစ်ဆူပါ ရွှေတိဂုံပုံတူ အေးချမ်းအောင်မြင် စေတီတော်တစ်ဆူကို ကျောင်းတိုက်အတွင်း အများပြည်သူ ဖူးမြော်နိုင်ရန် အောက်ခံလိုဏ်ဂူဖြင့် တည်ထားကိုးကွယ်မည်ဖြစ်သဖြင့် အရံစေတီတစ်ဆူ(ထီးတော်ပါ) ငွေကျပ်နှစ်သိန်း၊ အပြင်မုခ်ဦးလေးခုကို တစ်ခုလျှင်ငွေကျပ်ငါးသိန်း၊ ခြသေ့ရှစ်ခုကို တစ်ခုလျှင် ငွေကျပ်တစ်သိန်းငါးသောင်း၊ ဘာဂျာတံခါးလေးခုကို တစ်ခုလျှင် ငွေကျပ်တစ်သိန်း၊ မဟာရံတံတိုင်း ၂၄ခန်းကို တစ်ခန်းလျှင် ငွေကျပ်တစ်သိန်း၊ ဂန္ဓကုဋိတိုက်အတွက် ဖောခိပင်လေးပင်(ရုပ်တု)ကို တစ်ပင်လျှင်ငွေကျပ် တစ်သိန်းငါးသောင်း၊ အုတ်တစ်လုံးလျှင် ၄၅ကျပ်၊ သဲတစ်ပုံးလျှင် ငွေကျပ်၅၀၀၊ ကျောက်စရစ်တစ်ပုံးလျှင် ငွေကျပ်၁၅၀၀၊ ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၅၅၀၀တို့ဖြင့် လှူဒါန်းလိုသူများသည် ဆရာတော်ဘဒ္ဒန္တဇနပတိ ဖုန်း-၀၁-၇၂၆၁၀၁၊ ဘုရားတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၀၁-၆၄၃၉၁၅ နှင့် ဦးအုန်းကြိုင် ဖုန်း-၀၁-၆၄၃၅၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်တီဆရာတော်ကြီးပူဇော်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်အရှေ့ဘက် ဗုဒ္ဓဂယာသတ္တဌာန (ဗုဒ္ဓခုနစ်ဆူ) တည်ရှိရာ သုမင်္ဂလာရာမလယ်တီ ဝိပဿနာကျောင်းတိုက်ကြီး၏ မူလ ပဓာန နာယက ဆရာတော်(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တသုမင်္ဂလမဟာထေရ် လယ်တီဆရာတော်ကြီး ခန္ဓာဝန်ချ ကိုးနှစ်မြောက် အထူး ပူဇော် အလှူတော်ပွဲကို ဖေဖော်ဝါရီ၄ရက်(တနင်္ဂနွေနေ့)တွင် တပည့်ဒါယကာ ဒါယိကာမများက စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူပွဲ၌ ပင့်သံဃာ သက်တော်ရှည် ဆရာတော်ကြီး၁၀၈ပါးအား သင်္ကန်းဒွိစုံ၊ နဝကမ္မဝတ္ထုငွေများ လှူဒါန်းခြင်း၊ သီလရှင်အပါး၂၀၀အား ဝတ္ထုငွေလှူဒါန်းခြင်းနှင့် အရုဏ်ဆွမ်း၊ အချိုပွဲ၊ နေ့ဆွမ်း၊ အချိုပွဲများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ လှူဒါန်းလိုပါက ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဖုန်း-၅၆၀၇၁၀ နှင့် ၅၆၄၇၄၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

ဇန်နဝါရီ၂၁ ရက်က မင်္ဂလာဒုံမြို့နယ် အမက(၂၈)ကျောင်း၏ ၂၀၀၅-၂၀၀၆ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်သူရိန်မြင့်သိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

## မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မော်တော်ယာဉ် မသုံးစွဲ ရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန် တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲ ရနေ့ ဖြစ်သည့် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲ ရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲ ရနေ့ စည်းကမ်းချက်များ ဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲ ခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်) နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးအောင်ရွှေ(စာရင်းကိုင်-ငြိမ်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ခင်မေမြ
(လ/ထမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်/ပုံနှိပ်)
တို့၏ သားငယ်

**ဗိုလ်ကြီးမျိုးမင်းထွန်း B.C.Sc(D.S.A),M.E(Tech)**

နှင့်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ
ဦးအောင်မြင့်(ညွှန်ကြားရေးမှူး၊နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်တင်တင်လှ(အလပြ-ငြိမ်း)
တို့၏ သမီးငယ်

**မမေသင်းအောင် B.C.Sc(U.C.S.Y)**

တို့၏ ၂၄-၁-၂၀၀၇ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၂၇-၁-၂၀၀၇ ရက်တွင် Park Royal Ballroom ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့ကို ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးအား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၏ ဇနီးဒေါ်တင်တင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်မြဝင်းနှင့် စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်များ ပေးပို့ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီးဒေါ်အေးအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မယဉ်သူအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာအောင်လက်စွပ်ဗန်းကိုင် မစုလှနန်းနွယ်၊ သတို့သားအရံဗိုလ်ကြီးစိုင်းထက်နှင့် ဗိုလ်ကြီးကျော်မိုးနိုင်၊ သတို့သမီးအရံမထက်ပြည့်စိုးနှင့် မဝင်းလဲ့ဖြူတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော မဟေမာနေဝင်းနှင့် ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးရှင်ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ဆံပင်နှင့်မိတ်ကပ်အလှဖန်တီးရှင် မိတ်ကပ်ခင်စန်းဝင်း၊ ပန်းအလှပြင် နီနီပွိုင့်၊ မှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Park Royalမှ Banquet Co-ordinator မသက်သက်ဝင်းနှင့် ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ မေတ္တာဖြင့် ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမျိုးမင်းထွန်း-မမေသင်းအောင်။**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### ဖျိုင်းရေအိုးစင်ရပ်ကွက်မှ အမှိုက်ပုံကြီး ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

တာမွေမြို့နယ် ဖျိုင်းရေအိုးစင် ရပ်ကွက် ဗညားဒလလမ်းနှင့် အောင်တေဇလမ်းနောက်ဖေးလမ်းကြားရှိ အမှိုက်ပုံကြီး **(အောက်ပုံ)** မှာ တစ်နေ့ထက်တစ်နေ့ ပိုကြီးလာပြီး ရေမြောင်းများ ပိတ်ဆို့ကာ ရေဆိုးများ နေအိမ်များအတွင်းသို့ စီးဝင်မှုကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ ကျန်းမာရေးကို ထိခိုက်လျက်ရှိသည်။ သို့ပါ၍အဆိုပါအမှိုက်ပုံကြီးအား ရှင်းလင်းပေးပါရန်တင်ပြအပ်ပါသည်။

**ဖျိုင်းရေအိုးစင်ရပ်ကွက်သား**

### လမ်းပိတ်ဆို့ကားရပ်ခြင်း ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မိုးကောင်း-ဖားကန့်ကားဂိတ်တွင် ကားအချို့သည် လမ်းမကြီးကို ပိတ်ဆို့၍ ရပ်တန့်ခြင်း၊ စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းတို့ကြောင့် လမ်းသွားလမ်းလာ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ ကားများ စနစ်တကျ ရပ်တန့်ကြစေရေး ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

**ယာဉ်အန္တရာယ်ကင်းလိုသူ**

### ရပ်ကွက်ရေမြောင်း ရေစီးရေလာကောင်းစေချင်

**စာတည်းရှင့်-**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၈ × ၆၉၊ ၃၆ × ၃၇ ကြားမဟာမြိုင် (၁)ရပ်ကွက် အပိုင်း(၂) အောင်ရတနာလမ်းအတွင်းရှိ ရေမြောင်းကြီးပေါ်သို့ အိမ်များတိုးချဲ့ဆောက်လုပ်နေကြပါသည်။ ထို့ကြောင့် အဆိုပါမြောင်းမှာ ရေစီးမကောင်းခြင်း၊ ရေများလျှံပြီး အိမ်များအတွင်း စီးဝင်ခြင်းတို့ကြောင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မဟာအောင်မြေသား**

### လျှပ်စစ်မီးကိုဆင့်ပွားသွယ်သူ အရေးယူပေးပါ

**စာတည်းခင်ဗျား-**

ပဲခူးတိုင်း ကဝမြို့နယ် သက္ကလ စံပြကျေးရွာတွင် လျှပ်စစ်မီးများကို မီတာမရှိဘဲ ဆင့်ပွားသွယ်တန်းလျက်ရှိရာ ထရန်စဖော်မာမှာ ဝန်နှင့်အားမမျှဘဲ မကြာခဏ လောင်ကျွမ်းနေပါ၍ လျှပ်စစ်မီး ဆင့်ပွားခိုးယူသွယ်တန်းသူများအား အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သက္ကလသား**

### ကားဝပ်ရှော့ ထုရိုက်သံ အနှောင့်အယှက်ဖြစ်ရ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်၊ သုနန္ဒာလမ်းမကြီးရှိ ကားဝပ်ရှော့ရုံ တစ်ရုံသည် နေ့ညမပြတ် ထုရိုက်နေပါ၍ ပတ်ဝန်းကျင်နေသူများအိပ်ရေးပျက်ပြီး အနှောင့်အယှက် ဖြစ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

**ကျန်းမာရေးထိခိုက်ရသူ**

### အေးရတနာလမ်းထောင့်ကအမှိုက်ပုံ မီးဘေးအန္တရာယ်စိုးရိမ်ရ

**စာတည်းခင်ဗျား-**

သင်္ဃန်းကျွန်းမြို့နယ်-၁၆/၂ ရပ်ကွက် အေးရတနာလမ်းထောင့်ရှိ သီရိဂုဏ်အိမ်ရာမြေကွက်တွင် အမှိုက်များဖြင့် ပြည့်နေပြီး မီးဘေး အန္တရာယ် စိုးရိမ်ရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

### သားရေနယ်အနံ့ ဆောင်ရွက်ပြီးစီး

(၆-၁၁-၂၀၀၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာမြို့ အောင်ချမ်းသာရပ် ချမ်းမြေ့သီလရှင်ကျောင်းအနီးရှိ သားရေနယ်လုပ်ငန်း အနံ့အသက်များကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(အပေါ်ပုံ)**

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

### ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

(၂၇-၁၁-၂၀၀၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက် ၆၄လမ်း ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြားတွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)**

### မြေဖို့၍ ရေစီးမကောင်းမှု ရှင်းလင်းပြီး

(၁၆-၁၀-၂၀၀၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာမြို့ နန်းတော်ကုန်းနယ်မြေ သာယာကုန်း (၂)ရပ်ကွက် သံလမ်းတောင်ဘက်လမ်းတွင် မြေဖို့ထားရာ ရေစီးရေလာမကောင်းသဖြင့် ဆောင်ရွက်ပေးပါရန်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

## မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်၊ ၄လမ်း၊ အမှတ် ၁၉ နေ
ဗိုလ်မှူးနှင်းဇော်(ငြိမ်း) အမှုဆောင်အရာရှိချုပ်(NDCG)-ဒေါ်ငွေငွေဝင်း
(Smart Girls Beauty & Skincare)
တို့၏တစ်ဦးတည်းသောသားကြီး

**မောင်ကျော်သက်ဇော်**

B.A Business Management,AD. Marketing (S'pore)
Senior Technician , MPRL E & P Pte.Ltd.

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ အမှတ် ၃၃ နေ
ဒေါ်စိန်ကြည်၊ ဦးလှမြင့်-ဒေါ်လှကြင်တို့၏မြေး၊
ဦးအောင်မြင့်-ဒေါ်နီနီဝေတို့၏တစ်ဦးတည်းသောသမီး

**မဇင်မာအောင် (ပုံပုံ)**

**B.A (Business Management)**

တို့၏ ၂၅-၁-၂၀၀၇ရက် Sedona Hotel Executive Club ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် တရားသူကြီးအဖြစ်ဆောင်ရွက်ပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် အသိသက်သေများအဖြစ် ဆောင်ရွက်ပေးခဲ့သော ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း)နှင့်ဇနီး ဒေါ်ညွန့်တင်၊ သမားတော်ကြီး ဦးလှငွေးနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး မှန်ချိုးဆေးတိုက်တို့အားလည်းကောင်း၊ ၂၇-၁-၂၀၀၇ရက် Sedona Hotel Grand Ballroom ၌ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့်ဇနီး ဒေါ်စုညွန့်ဦး၊ ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး ဒေါက်တာခင်သီရိတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းခြင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း သယ်ဆောင်ပေးသော မသိမ့်နေခြည်နိုင်၊ မောင်ဟိန်းလင်းစိုး၊ မထက်ထက်ကုံကော်၊ မင်္ဂလာပန်းကြဲပေးသော မယွန်းစန္ဒီမိုး၊ သတို့သား၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးခဲ့သော မောင်ကမ္ဘောဇနှင်းရွှေဝင်း၊ မောင်ဝေယံကိုကို၊ မပွင့်ဖြူဖြူ၊ မခေမာလင်းဇော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော မဟေမာနေဝင်းနှင့် စန္ဒရားသိန်းမြင့်သန်း တီးဝိုင်းအဖွဲ့၊ မင်္ဂလာဝတ်စုံများ မေတ္တာဖြင့်ဆင်မြန်းပေးသော ကြင်ကြင်ပိုးထည်တိုက်(ဗိုလ်ချုပ်ဈေး)၊ စိန်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးသော ဦးဖုန်းမြင့်၊ ဒေါ်ကျင်တွမ်၊ စုမြတ်မင်းစိန်ရွှေရတနာဆိုင်(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော ပွင့်နှင့် မမြူ၊ ဓာတ်ပုံနှင့်ဗီဒီယို မေတ္တာဖြင့်မှတ်တမ်းတင်ပေးသော ဝဏ္ဏစွာနီးနှင့် ဦးသန်းငွေ(ဘုရင်မ)၊ Sedona Hotel မှ မန်နေဂျာ၊ မဟန်နီနှင့် ဝန်ထမ်းများ၊ အစစအရာရာ ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ၂၈-၁-၂၀၀၇ရက် Sedona Hotel Poolside ၌ကျင်းပသော မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သက်ဇော်-မဇင်မာအောင်။**

## မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရေးမြို့နယ်၊ အစင်ကျေးရွာနေ
ဦးမောင်မြင့်-ဒေါ်မကြေင်တို့၏သား

**ဗိုလ်ကြီးမင်းယဉ်ထွေး B.Sc (D.S.A)**

**နှင့်**

ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်သန်းငွေးလှတို့၏ တစ်ဦးတည်းသောသမီး

**မမေမွန်ဝင်း (ခ) ချောစု**

**B.Sc (Chemistry), Dip: in IT, L.C.C.I Level (I, II)**

တို့၏ ၂၈-၁-၂၀၀၇ရက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းနှင့်ဇနီး ဒေါ်သန်းဝင်း၊ မင်္ဂလာပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)နှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော စာရေးဆရာ ဦးချစ်စံဝင်းနှင့်ဇနီး ဒေါ်မော်မော်၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော မသိမ့်သဥ္ဇာသွယ်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဖြူဖြူထွေး၊ သတို့သားအရံ ဗိုလ်အောင်ထွန်းခိုင်၊ သတို့သမီးအရံ မဆုစန္ဒီဇော်၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဒေါ်ရီရီသန့်နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးသော မအေးနှင်းမိုး၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်မြန်းပေးသော ကိုမာနှင့်အဖွဲ့အားလည်းကောင်း၊မင်္ဂလာပန်းအလှပြင်ဆင်ပေးသောဦးစည်သူ၊မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော Sky Digital Photo Land နှင့် အဖွဲ့အားလည်းကောင်း၊ မဟာသန္တိသုခမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ကြသော အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမင်းယဉ်ထွေး-မမေမွန်ဝင်း(ခ)ချောစု။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ ရွှေဆံတော်ဘုရားလမ်း၊ အိမ်အမှတ် ၁၁နေ ဦးသောင်းရွှေ-ဒေါ်လှခင်တို့၏သမီး မဇာဇာရွှေ ၁၂/တတန(နိုင်)၁၈၅၅၉၀သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် ၂၆-၁-၂၀၀၇ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါကြောင်း။

**ဖခင် - ဦးသောင်းရွှေ ၁၂/ကမန(နိုင်)၀၁၀၆၅၁၊**
**မိခင် - ဒေါ်လှခင် ၁၂/ကမန(နိုင်)၀၁၀၇၀၂။**

## ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရွာသာရွာ ရွာသာကျောင်းတိုက်အတွင်း၌ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ ၃ရက်မှ ၉ရက် (တပို့တွဲလပြည့်ကျော် ၂ရက်မှ ၈ရက်) အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်၅ မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ၊ B.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး သင်္ကြန်တရားစခန်းပွဲအမီ ဆရာတော်ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး ဆောက်လုပ်နိုင်ရန်အတွက် လှူဒါန်းလိုသူများ ဖုန်း-၀၉-၅၁၃၇၀၈၆သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။**(က-ပ)**

## ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်မြို့တွင် ရောက်ရှိနေထိုင်ကြသော ပုသိမ်မိသားစုဝင်တို့၏ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲတို့ကို ဖေဖော်ဝါရီ ၈ရက်(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူမိသားစုဝင်များ အနေဖြင့် ဦးနိုဝယ်လင်း ဖုန်း - ၀၉ - ၅၀၀၃၇၀၉၊ ဦးစိုင်းကျော်ကျော် ဖုန်း-၀၉-၅၁၅၉၅၈၅နှင့် ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

**AA Electronics Ltd.**

၁။ Technician (Aircon, Refrigerator, Washing Machine) ၅ ဦး(ကျား)
-လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၂။ Technician (TV, VCD, DVD) ၅ ဦး(ကျား/မ)
-B.E (EC) (or) B.Sc (Phy) (or) AGTI (EC) အောင်မြင်ပြီးသူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၃။ Sales Promotor ၅ ဦး(ကျား/မ)
-အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
-ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။
-အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

၄။ Office Staff ၂ ဦး(မ)
-ဘွဲ့ရပြီးသူဖြစ်ရမည်။
-လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်(CV)၊ ဖုန်းနံပါတ်၊ အကျင့်စာရိတ္တထောက်ခံစာ(ရဲစခန်း)၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ ပညာ အရည်အချင်းထောက်ခံစာ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်အတူ အမှတ် ၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့် Samsung Plaza (ပ)ထပ်သို့ ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

**ကျေးဇူးရှင်ဖခင်ကြီး၏ တစ်နှစ်ပြည့်ဆွမ်းကျွေးနှင့် အဘိုးဦးဟုတ်စိန် ရေးသားပြုစုခဲ့သော မြန်မာ-အင်္ဂလိပ်-ပါဠိ အဘိဓာန် စီဒီလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက်က အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တရားထိုင်ခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသ ဆရာတော်ထံသို့ အလှူရှင် ဒေါက်တာအောင်မွန် (ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်မြို့)နှင့် ဒေါက်တာသန်းသန်းတင်(ချယ်ရီ)(ပါမောက္ခ/ဌာနမှူး ဗဟိုအမျိုးသမီးဆေးရုံကြီး)မိသားစုတို့က စီဒီခွေများဆက်ကပ်လှူဒါန်းစဉ်။** (၄၀၀)

**မီးကြွင်း မီးကျန် မရှိရန်**
**အစဉ်သတိ အမြဲရှိ**



## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ၁၂/သမန(နိုင်)၀၈၀၆၁၄ ၏ ယာဉ်မောင်းလိုင်စင် ဃ/၅၃၄၈/၀၆ နံပါတ်သည် ၂၂-၁-၂၀၀၇ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ကိုမင်းထွဋ်**
**ဖုန်း-၂၀၂၅၉၆၊ ၂၉၀၂၀၁။**

## လူပျောက်ကြော်ငြာ

ဦးတင်မောင် အသက်(၈၁)နှစ်သည် လမ်းလျှောက်ထွက်သွားရင်း ပြန်မလာပါသဖြင့် အိမ်သားများ စိတ်ပူနေပါသည်။ တွေ့ရှိပါက အကြောင်းကြားပါရန် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၂၅၆၁၃၈**
**ဒေါ်စန္ဒာမြင့်**
**အမှတ် ၆၀၊ ပထမထပ်၊**
**၉၃လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**



**ဒေါ်စိုးစိုးဝင်း B.Ed, M.Ed ( U.K )**
**TOEFL - Feb 8, ( Thur, Fri, Sat - 2:30 -4:00 pm)**
**TWE-Feb 6, ( Tue: 12:30-2:00 pm)**
**Grammar & Speaking-Feb 10,**
**( Sat & Sun : 11:30 - 1:00 pm)**
၂၃၊ မအူပင်လမ်း၊ စမ်းချောင်း၊ ဖုန်း-၆၄၂၇၂၅
**(Closed : Mon, Wed)**



# မေတ္တာရိပ်ရင်ပြင်မှ ပွဲတင်သံများ

မောင်စိမ့်စမ်း

ကျောင်းဝင်းအတွင်းသို့ ကားကို ချိုးကွေ့ ဝင်ရောက်လိုက်သည်နှင့် **"မေတ္တာရိပ်ရင်ပြင်"**ဟူသော မြေစိုက်ဆိုင်းဘုတ်လှလှလေးတစ်ခုက ဆီးကြိုနေ ပါ၏။ ကားတံခါးကို ဖွင့်၍ဆင်းလိုက်သည့်အခါ လေနုအေးလေးနှင့်အတူ မိမိနှင့်ယဉ်ပါးခဲ့ဖူးသောရနံ့၊ အငွေ့အသက်လေးများကိုရရှိလိုက်၏။ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က ပတ်ဝန်းကျင်လေးသည် အပြောင်းလဲကြီး တိုးတက်ပြောင်းလဲသွားပြီဖြစ်သော်လည်း မိမိနှင့်စိမ်းမနေ။ ရင်းနှီးကျွမ်းဝင်နေဆဲဖြစ်သည်ဟု ခံစားမိပါ၏။ မေတ္တာရိပ်ရင်ပြင်ရှိ ကြီးမားခံ့ညားလှသည့် ယာယီမဏ္ဍပ်ကြီးကလည်း မိမိကို ကြိုဆိုနှုတ်ခွန်းဆက်သနေသယောင်။

ကျောင်းနေဖက်သူငယ်ချင်း ကပ္ပတိန်ပွင့်သစ်က ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲသို့ သူလည်း တက်ရောက်မည်။ မိမိအားလည်း မပျက်မကွက်တက်ရောက်ရမည်ဟုတိုက်တွန်း၏။ မိမိတို့၏ငယ်ဆရာများ၊ ငယ်သူငယ်ချင်းများနှင့် တပျော်တပါး တွေ့ဆုံကြမည့်ပွဲဖြစ်၍ တက်ရောက်ရန် အာသီသပြင်းပြမိ၏။ သို့သော် အခြေအနေအရ မသေချာ။ သည်လိုနှင့် လွဲချော်ခဲ့ရသည့် အာစရိယပူဇော်ပွဲများလည်း အကြိမ်ကြိမ်။ ၁၃ရက်နေ့ညတွင်မှ ကပ္ပတိန်ပွင့်သစ်ထံမှ ဖုန်းဝင်လာ၏။ သူသဘော်သို့ အရေးပေါ်ပြန်သွားရမည်ဖြစ်၍ မနက်ဖြန်အခမ်းအနားသို့ တက်ရောက်နိုင်တော့မည် မဟုတ်ကြောင်းနှင့် သူ့ကားဖြင့် တာဝန်ယူကြိုပေးရမည့် ဆရာမကြီးနှစ်ဦးကို သူ့ကိုယ်စားကြိုဆိုပြီး အခမ်းအနားသို့ မဖြစ်မနေ ပို့ဆောင်ပေးရန် တာဝန်ပေးလာ၏။ ထို့ကြောင့်ပင် အာစရိယပူဇော်ပွဲ အခမ်းအနားသို့ မဖြစ်မနေသွားရောက်ခဲ့ရပါတော့သည်။

၁၉၅၉ ခုနှစ်တွင် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း ဥက္ကလာပ(မြောက်ပိုင်း)၊ဥက္ကလာပ(တောင်ပိုင်း)နှင့် သာကေတဟူသော မြို့သစ်များ ပေါ်ထွန်းလာခဲ့၏။ မြို့သစ်များနှင့်အတူ စာသင် ကျောင်းကလေးများကိုလည်း ဖွင့်လှစ်ခဲ့ကြပါ၏။

ဥက္ကလာပမြို့သစ် (မြောက်ပိုင်း)နှင့်အတူ မွေးဖွားခဲ့သော တစ်ခုတည်းသော အလယ်တန်းကျောင်း ကလေးမှာ (ဆ)ရပ်ကွက်အတွင်း၌ တည်ရှိခဲ့၏။ နှစ်ပေါင်း(၅၀)ခန့်ကြာမြင့်လာသည့် (ယခု)အခါတွင် ဥက္ကလာပမြို့သစ် (မြောက်ပိုင်း)သည် "မြောက် ဥက္ကလာပမြို့နယ်"အမည်ဖြင့် ရန်ကုန်တိုင်းအတွင်း၌ ထင်ရှားသော မြို့နယ်တစ်ခုဖြစ်လာသကဲ့သို့ ထိုစဉ်က အလယ်တန်းကျောင်းကလေးသည်လည်း "အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း" အဖြစ် ထင်ရှားကျော်ကြားလာခဲ့၏။ မိမိတို့သည် ထိုအလယ်တန်းကျောင်းကလေးတွင် ပဉ္စမတန်းမှ စတင်တက်ရောက်ခဲ့ကြသော ကျောင်းသားဟောင်းများ ဖြစ်ကြပါ၏။ အလယ်တန်းကျောင်းကလေးအဖြစ်မှ အစိုးရတန်းမြင့်ကျောင်း၊ ထိုမှ အစိုးရအထက်တန်းကျောင်း စသည်ဖြင့် အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ရာ၌လည်း မိမိတို့သည်ကျောင်းသားများဖြစ်ခဲ့ကြ၏။ တစ်နည်းဆိုလျှင် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိတက်ရောက်ခဲ့ကြသော သန္ဓေကျောင်းသားဟောင်းကြီးများ ဖြစ်ခဲ့ပါ၏။ စတင်တည်ထောင်စက သွပ်မိုး၊ ဝါးထရံကာ၊ မြေစိုက်တစ်ထပ်ကျောင်းကလေးသာ ဖြစ်၏။ ကျောင်းဆောင်ကလည်း တစ်ဆောင်တည်း။ ဆင်းဆင်းရဲရဲ၊ ကြပ်ကြပ်တည်းတည်း သင်ယူခဲ့ကြရ၏။ နောက်ပိုင်း တစ်ထပ်၊ မြေစိုက်၊ သွပ်မိုး၊ ပျဉ်ကာ ကျောင်းဆောင်များ ထပ်မံပေါ်ပေါက်လာခဲ့ပါ၏။ မိမိတို့ကျောင်းသားဘဝတွင် နှစ်ထပ် ကျောင်းဆောင်ဟူ၍ လုံးဝမရှိခဲ့၊ ယခုအခါတွင်မူ နှစ်ထပ်တိုက်၊ အုတ်နံကပ်၊ အာရ်စီ ကျောင်းဆောင်ကြီးများ၊ မြတ်ခရေခန်းမကြီး၊ မီဒီယာခန်းမကြီး၊ စာကြည့်တိုက်ကြီး စသည့် အဆောက်အအုံဗိမာန်များဖြင့် အံ့မခန်း စည်ပင်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၏။ ထိုအဆောက်အအုံဗိမာန်တို့၏အလယ်တွင် တင့်တယ်ထည်ဝါလှသော "မေတ္တာရိပ်ရင်ပြင်ကြီး"နှင့် ထိုရင်ပြင်ကြီးအပေါ်တွင် ဆောက်လုပ်ထားသော အာစရိယပူဇော်ပွဲ ကျင်းပမည့် ယာယီမဏ္ဍပ်အဆောက်အအုံကြီးကို ထီးထီးမားမား တွေ့မြင်လိုက်ရပြန်သဖြင့် ရင်သပ်ရှုမောဖြစ်ရ၏။ ကျောင်းတော်ကြီးနှင့် ဤမျှ ကင်းကွာသွားမိသော မိမိအဖြစ်ကိုလည်း ယူကြုံးမရ ဖြစ်မိပါတော့သည်။

မိမိအမည်ကို "မောင်"မတပ်၊ "ကို"မပါ၊ "ဦး" မထည့်ဘဲ စေးစေးပိုင်ပိုင် ခေါ်လိုက်သံတစ်ခုကြောင့် လှည့်ကြည့်လိုက်ရာ ငယ်သူငယ်ချင်း သိန်းဝေကို တွေ့လိုက်ရ၏။ ငယ်ရုပ်မပျောက်သေးသော်လည်း ခေါင်းက ဖွေးဖွေးဖြူနေပြီ။ မိမိတို့ကျောင်းသားဘဝက ကျောင်းဝတ်စုံမှာ အဖြူ၊ အစိမ်းမဟုတ်သေး။ တစ်ကျောင်းနှင့် တစ်ကျောင်း မတူ။ မိမိတို့ဝတ်စုံမှာ အင်္ကျီအဖြူနှင့် အဖြူနှင့်ခရမ်းအစင်းလုံချည်ဖြစ်၏။ မိမိသည် ပွင့်သစ်လက်ဆောင်ပေးသဖြင့် ရရှိထားသော ကျောင်းလုံချည်ကို အမှတ်တရဝတ်လာမိ၏။ သိန်းဝေကလည်း ထိုလုံချည်ဖြင့်။ အဖြူတစ်စင်း ခရမ်းတစ်စင်း လုံချည်များဖြင့် ကျောင်းသားဟောင်း တော်တော်များများကို တွေ့ရ၏။ မှတ်မိသူလည်းရှိ၊ မမှတ်မိသူလည်းရှိ။ ထိုစဉ် ခရမ်းအစင်း လုံချည်ဝတ်ထားသူ ခေါင်းဖြူဖြူနှင့် ကျောင်းသားဟောင်း တစ်ဦးအနားသို့ ရောက်လာ၏။ သိန်းဝေက "ဒါအခု လက်ရှိကျောင်းအုပ်ဆရာကြီးလေ"ဟု ပြောပြီး မိတ်ဆက်ပေး၏။ အသေအချာကြည့်ပြီး နှစ်ယောက်ပြိုင်တူ နာမည်များ ခေါ်မိကြ၏။ ဖက်လှဲတကင်း နှုတ်ဆက်မိကြ၏။ မိမိနှင့်အတူ ဟိုက်စကူးဖိုင်နယ် (ခေါ်) ကိုးတန်းအစိုးရစစ် စာမေးပွဲအောင်မြင်ခဲ့ကြသည့် သူငယ်ချင်း စိန်ဝင်းဖြစ်၏။ အခုသူက လက်ရှိကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်း (B.Ed) ဖြစ်နေ၏။ ကျောင်းသားဟောင်းတစ်ဦးက ကိုယ့်ကျောင်းမှာ ကျောင်းအုပ်ပြန်ဖြစ်နေတာ ဝမ်းသာဂုဏ်ယူစရာ မဟုတ်ပါလား။

စိတ်ဝင်တစား ရှိလှသဖြင့် "မေတ္တာရိပ်ရင်ပြင်" အကြောင်း ကျောင်းအုပ်ဆရာကြီးကို မေးကြည့်မိပြန်၏။

"ဒါ တို့တက္ကသိုလ်ဝင်တန်းတုန်းက A,B ဆိုပြီး တန်းခွဲနှစ်ခုသာရှိတဲ့ခေတ်က ကျောင်းဆောင် နေရာလေးပေါ့။ နောက်ပိုင်းကျောင်းဆောင်ကလည်း အိုပြီး ယိုယွင်းလာလို့ ဒီနေရာတွေက မိုးတွင်းဆိုရေကလည်း အမြဲဝပ်နေလို့ ကျောင်းဆောင်ထားလို့ မရတော့ဘူး။ ကျောင်းရဲ့ အချက်အချာနေရာကြီးမှာ အမြင်ဆိုးနေတာကို တို့ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌကြီးက သူ့ငွေနဲ့စိုက်ထုတ်ပြီး ကျောင်းတော်ကြီးအတွက် အမှတ်တရဆိုပြီး လှူလိုက်တာ။ ကျပ်(၁၅)သိန်းလောက် ကုန်သွားတယ်။ ဒါကြောင့်အခု ဒီရင်ပြင်ကြီး ပေါ်လာတာ။ ဒါကြောင့်လည်း အာစရိယပူဇော်ပွဲကို ဒီနှစ်က စပြီး ကျောင်းမှာကျင်းပလို့ရသွားတာ။ အရင်က မြို့နယ်ခန်းမမှာကျင်းပနေရတာ"ဟု ကျောင်းအုပ်ကြီးကရှင်းပြပါ၏။

"ဟော...ဟိုမှာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌကြီးလာပြီ"ဟု ပြောသဖြင့် ပြိုင်တူလှည့်ကြည့် လိုက်မိရာ မိမိညီအရင်းတမျှ ချစ်ခင်ခဲ့ရသော ကိုအောင်ကြည်မြင့်ကို တွေ့လိုက်ရ၏။ ခန့်ညားချောမောသော ဉပဓိရုပ်နှင့် တည်ကြည်သော ဣန္ဒြေကိုလည်း သတိပြုလိုက်မိပါ၏။ ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ကိုအောင်ကြည်မြင့်မှာ ယခုအခါ နိုင်ငံတော်က ဂုဏ်ပြုအပ်နှင်းထားသော "အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ" ဘွဲ့ထူးပိုင်ရှင်တစ်ဦး ဖြစ်နေပြီး ကျောင်းအကျိုး၊ ဆရာ၊ ဆရာမများအကျိုး၊ ကျောင်းသားဟောင်းများအကျိုးကို အဘက်ဘက်မှ အားကြိုး မာန်တက်သယ်ပိုးဆောင်ရွက်ပေးလျက်ရှိသူ တစ်ဦးဖြစ်ကြောင်း သိလိုက်ရသဖြင့် အထူးပင် နှစ်ထောင်း အားရဖြစ်မိကာ သူ့ကိုလည်း လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုနှုတ်ဆက်မိပါ၏။

**"ဒီနေရာမှာ ကျွန်တော်တို့ ပညာသင်တယ်။ ဆင်းဆင်းရဲရဲ၊ ချို့ချို့ငဲ့ငဲ့ နေထိုင်ပညာသင်ခဲ့ကြရပေမယ့် ကျွန်တော်တို့ဟာ ဆရာ၊ ဆရာမတွေရဲ့ မေတ္တာကို အပြည့်အဝရရှိခဲ့ကြတယ်။ ဒီမေတ္တာကြောင့် ကျွန်တော်တို့ လူလားမြောက်ခဲ့ရတယ်။ ဘဝအခြေအနေတွေ မြင့်မားတိုးတက်ခဲ့ရတယ်။ ဒီကျေးဇူးတွေ ကျွန်တော်တို့တစ်သက်မမေ့ပါဘူး။ ကျောင်းတော်ကြီးကိုလည်း ကျွန်တော်တို့ရဲ့ အမေ့အိမ်အဖြစ် အမြဲသတ်မှတ်ထားတယ်။ အမြဲမပြတ် အကျိုးပြုမယ်လို့ သန္နိဋ္ဌာန်ချထားတယ်။ ဒါကြောင့် ဆရာ၊ ဆရာမ တွေကို အစွမ်းကုန်တုံ့ပြန်ကျေးဇူးဆပ်ရင်း၊ တစ်ဖက်ကလည်း လက်ရှိကျောင်းတော်ကြီး၊ လက်ရှိဆရာ၊ ဆရာမတွေနဲ့ မျိုးဆက်သစ် ကျောင်းသားလူငယ်လေးတွေကို ကျွန်တော်တို့ရဲ့ မေတ္တာနဲ့အရိပ်အာဝါသပေးမယ်။ သူတို့ရဲ့လိုအပ်ချက်ကိုလည်း အစွမ်းကုန်ဖြည့်ဆည်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီရင်ပြင်ကိုလည်း "မေတ္တာရိပ်ရင်ပြင်"လို့ ကင်ပွန်းတပ်တာပါ။ မေတ္တာရဲ့ သဘောကတော့ သိပြီးသားလေ။ ရိပ်ကတော့ အရိပ် အာဝါသပါ။ ရင်ပြင်က ရင်ခွင်ပေါ့လို့ အလှူရှင် ဦးအောင်ကြည်မြင့်က အားပါးတရ ရှင်းပြပါတယ်။**

တစ်ဆက်တည်းမှာပဲ ကျောင်းသားဟောင်း တစ်ဦး လှူဒါန်းထားတဲ့ ကြာပန်းဓာတ်ပုံကြီးကိုလည်း ကျောင်းအုပ်ဆရာကြီးကပြပါတယ်။ ကျောင်းမှာ ရေတွေဝပ်နေတုန်းက ပေါက်နေတဲ့ကြာတွေကို ကျောင်းသားဟောင်း "ဓာတ်ပုံအောင်မင်း (ACA)" က အမှတ်တရ ရိုက်ထားတာပါ။ ထူးခြားတာက အဲဒီဓာတ်ပုံကြီးမှာ ရေးဖွဲ့ထားတဲ့ကဗျာပါ။

**ထ/၁ က "ရေ" ၊ ကျွန်တော်တို့က "ကြာ"**
**ထ/၁ က "ကြာ"၊ ကျွန်တော်တို့က "ရေ"**
**ရေ နဲ့ ကြာ ၊ ကြာ နဲ့ ရေတဲ့။ အဓိပ္ပာယ်ရှိလေစွ။ ကျေးဇူးသိတတ်ကြပေစွ။**

"အ-ထ-က(၁) မြောက်ဥက္ကလာပမြို့ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကြီးကို မကြာမီ စတင်ကျင်းပတော့မည်ဖြစ်ပါ၍အပူဇော်ခံဆရာ၊ဆရာမများ စင်မြင့်ပေါ်သို့ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မေတ္တာရိပ်ရင်ပြင် ခန်းမကြီး အတွင်းသို့ ကြွရောက်နေရာယူကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်"ဟု အခမ်းအနားမှူး၏ ကြေညာ သံကြားမှ စကားစများကိုဖြတ်ပြီး မဏ္ဍပ်ခန်းမကြီး အတွင်းသို့ ဝင်ခဲ့ပါ၏။

စင်မြင့်ထက်တွင် ရှေ့ဆုံးတန်း၌ နေရာယူထားကြသော မိမိတို့၏ ငယ်ငယ်က ကျောင်းအုပ်ဆရာကြီး၊ဆရာမကြီးများ၊ အသက်(၈၀)နှင့်အထက် ဆရာ၊ ဆရာမများကိုဦးစွာ ဖူးတွေ့လိုက်ရ၏။ အခြားဆရာ၊ ဆရာမများကိုလည်း အားပါးတရ ဖူးတွေ့ရ၏။ ဆရာကြီးဦးတင်ဖေ(အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊အခြေခံပညာဦးစီးဌာန)၊ ဆရာကြီး ဦးမောင်မောင်စိုးတင့်

**ဆရာကြီးဦးတင်ဖေ (အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊အခြေခံပညာဦးစီးဌာန)အား ကျောင်းသားဟောင်း တစ်ဦးက အာမိသပူဇာဖြင့် ဤသို့ပူဇော်ခဲ့သည်။**

(အငြိမ်းစား သံအမတ်ကြီး)၊ ဆရာမကြီး ဒေါ်ခင်အေးမြင့်၊ ဆရာကြီး ဦးဘခိုင်တို့ကို ကျန်းမာရွှင်လန်းစွာ တွေ့ရ၏။ ဆရာမကြီးဒေါ်ခင်စမ်းလှမှာ အသက်(၈၀)ကျော်ပြီ ဖြစ်သော်လည်း ငယ်စဉ်ကကဲ့သို့ပင် လှလှပပဝတ်စားပြင်ဆင်ထား၏။ (၈၀) ကျော်ဆရာမ ဒေါ်လှခင်၊ ဆရာမဒေါ်စိန်သင်တို့မှာလည်း ချောမောလှပဆဲပင် ဖြစ်ပါ၏။ အလှအပကြိုက်သူ ဆရာမဒေါ်ခင်ခင်မှာ မကြာသေးမီက ကွယ်လွန်ခဲ့ပြီး ယနေ့ (အာစရိယပူဇော်ပွဲကျင်းပသည့်နေ့)သည် ဆရာမ၏ရက်လည်နေ့ဟုသိရသဖြင့် အထူးဝမ်းနည်းမိပါ၏။ ဆရာကြီး ဦးအောင်သန်းမှာ ကျန်းမာရေးမကောင်းတော့ဟု သိရသဖြင့် စိတ်မကောင်းဖြစ်မိ၏။ ဆရာမ ဒေါ်ခင်မလေးမှာ ကျန်းမာရေးမကောင်းသည့်ကြားမှပင် အောက်စီဂျင် ဘူးကြီးနှင့်ကြွရောက်အပူဇော်ခံ၏။

မကြာမီ အခမ်းအနားစတင်၏။ ဦးစွာ "ပညာတန်ဆောင် ဆီမီးအလင်းရောင် ထွန်းညှိပူဇော်မည့် အစီအစဉ်ဖြစ်၍ ကျောင်းသားဟောင်း ကိုချိုအေးက တာဝန်ယူဆောင်ရွက်ပေးပါရန်" အခမ်းအနားမှူးက ကြေညာ၏။ အဖြူနှင့်ခရမ်း အစင်းလုံချည်ဝတ် မျက်မှန်နှင့်လူ၊ ဖြူဖြူဝဝတစ်ဦး စကားပြောစင်မြင့်သို့ ရောက်လာ၏။ အပြင်မှာတွေ့လျှင် မှတ်မိနိုင်စရာမရှိ။ ငယ်ငယ်က ပိန်ပိန်၊ ကတုံးဆံတောက်၊ ပုဆိုးတိုတို၊ တိုက်ပုံတကားကားနှင့် လှုပ်ရှားသွားလာ နေသော ကျောင်းကောင်စီအတွင်းရေးမှူးအဖြစ် သူ့ပုံရိပ်ကိုသာ မြင်နေမိပါ၏။

ကျောင်းတော်ကြီး၏ အထိမ်းအမှတ်အဖြစ် စိုက်ထူထားသော ကနုတ်ဖော် ဖယောင်းတိုင်အကြီးကြီးတစ်တိုင်ကို ဆရာကြီး ဦးမောင်မောင်စိုးတင့်က စတင်ထွန်းညှိပေး၏။ ထိုအလင်းတိုင်ကြီးမှအလင်းကို ဖယောင်းတိုင်အသေးနှစ်တိုင်ဖြင့် ကူးယူပြီး အငြိမ်းစားကျောင်းအုပ်ကြီး ဒေါ်မြမြဆွေမှ တစ်ဆင့် တစ်တိုင်ကို ဆရာများဘက်သို့လည်းကောင်း၊ အခြားတစ်တိုင်ကို ကျောင်းသား၊ ကျောင်းသူများ ဘက်သို့လည်းကောင်း လက်ဆင့်ကမ်းပေးအပ်ပြီး မိမိတို့ရှေ့ရှိ ဖယောင်းတိုင်အသီးသီးကို ထွန်းညှိကြသည့် အစီအစဉ်ဖြစ်၏။ ဆရာများဘက်မှ ဆရာ ဦးသန်းအောင်၊ ဦးဇော်ဝင်း၊ ဦးတင်ထွန်း၊ ဒေါ်တင်စောမူ၊ ဒေါ်ခင်မြိုင် စသူတို့က ထွန်းညှိပေးပြီး ကျောင်းသား၊ ကျောင်းသူများဘက်မှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူလေးများက ထွန်းညှိပေးကြ၏။ ထူးခြားသော အစီအစဉ်ဖြစ်ပြီး ဦးဆောင်စီစဉ်သူ ကိုချိုအေး၏ ရှင်းလင်းပြောကြားသော စကားရေ အလျဉ်ကြောတွင် မျောပါနေမိ၏။ ရင်မှာလည်း ပီတိအဟုန်ဖြင့် တစ်လှိုက်လှိုက် ခုန်နေမိပါတော့သည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး ၁၅ဦးတို့၏ ဓာတ်ပုံကြီးများကို ကိုချိုအေး မိသားစုက ကျောင်းတော်ကြီးတွက် အမှတ်တရလှူဒါန်း၏။ ထို့နောက် ဆရာ၊ ဆရာမများကို ဓမ္မပူဇာအဖြစ် ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြ၏။ ကန်တော့ချိုးကို ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက တိုင်ပေးပြီး ကျောင်းသား၊ကျောင်းသူဟောင်းများက သံပြိုင်ညီညာလိုက်ဆိုပူဇော်ကြ၏။ ဦးစန်းဝင်းမှာလည်း တစ်တန်းတည်းသား၊ ငယ်သူငယ်ချင်းဖြစ်၍ ကျောင်းသားဟောင်းတစ်ဦးပင်ဖြစ်ပြီး၊ အပူဇော်ခံ ဆရာတစ်ဦး လည်းဖြစ်နေပြန်၏။ အပူဇော်ခံ ဆရာတစ်ဦးက စင်မြင့်ထက်၌ နေရာမယူ။ သူငယ်ချင်းများနှင့်အတူ ကြမ်းပြင်မှာထိုင်၏။ ကန်တော့ချိုးကိုပင် တိုင်ပေးလိုက်သေး၏။ ဂုဏ်ယူထိုက်ပေစွ။

အာမိသပူဇာအဖြစ် အလှူတော်ငွေ၊ လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် အားပါးတရ ကန်တော့ကြပြန် ပါ၏။ ဆရာ၊ ဆရာမများကိုယ်စား အသံလေးပြာပြာဖြင့် ဆရာဦးစိုးမြင့်က ဩဝါဒချီးမြှင့်၏။ မိမိတို့၏ ငယ်ဆရာ။ အသက်(၇၀) ကျော်ဟူ၍ ယုံနိုင်စရာမရှိ။ မိမိတို့ထက်ပင် နုပျိုနေသေး၏။ ဆရာမကြီး ဒေါ်ခင်အေးမြင့်ကလည်း အားပါးတရဆုတောင်းမေတ္တာ ပို့သပေးပါ၏။

သထုံစိုးရီလေးတို့ ကျောင်းသားဟောင်း ဇနီး မောင်နှံကလည်း ဂီတပိုးက မသေ။ ဖျော်ဖြေရေးတာဝန် ယူ၏။ ဗိုလ်ကြီးစိန်သော် ရေးဖွဲ့သော ရတုပိုဒ်စုံကို ရွတ်ဆိုပူဇော်ပေး၏။ ငယ်မူငယ်သွေးများဖြင့် သီဆို ပူဇော်ကြသည်မှာ အားပါးတရ ရှိလေစွ။

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြတ်မင်္ဂလာကျောင်း ဆရာတော် ဦးဩဘာသ (ကျောင်းသား ဟောင်း ကိုအောင်စိုး)ကို ဂုဏ်ပြုလွှာဆက်ကပ်ခြင်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးအောင်ကြည်မြင့်ကို ဂုဏ်ပြုလွှာချီးမြှင့်ခြင်း၊ ထူးချွန် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူလေးများကိုဂုဏ်ပြုဆုချီးမြှင့်ခြင်း စသည်ဖြင့်လည်း ကျောင်းသားဟောင်းတို့က တာဝန်ကျေကြပြန်ပါ၏။

"ကျောင်းမှာ ၁၉၅၉က ယခု ၂၀၀၇ အထိဆိုရင် တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမလေးရာကျော်ရှိတယ်။ အခုပူဇော်ပွဲမှာ အသက်(၆၀)ပြည့်ပြီးတဲ့ ကျောင်းအုပ်ကြီးတွေ၊ ၁၉၅၉ မှ ၁၉၇၉ အထိ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာ၊ဆရာမတွေနဲ့ ၁၉၈၀ နောက်ပိုင်း သက်ပြည့်အငြိမ်းစားယူသွားကြတဲ့ ဆရာ၊ဆရာမတွေကို နှစ်စဉ်ပူဇော်နေတာ။ အပူဇော်ခံ ဆရာ၊ဆရာမ ၁၉၀ ရှိတယ်။ ကျန်ဆရာ၊ ဆရာမ အားလုံးကို ပူဇော်နိုင်အောင် ကြိုးစားနေပါတယ်"ဟု ကျောင်းသားဟောင်း အကျိုးတော်ဆောင်ကပ္ပိယကြီး ကိုအေးကိုက ရှင်းပြ၏။

"အာစရိယပူဇော်ပွဲ စဉ်ဆက်မပြတ် ကျင်းပနိုင်ဖို့ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ငွေပဒေသာပင်ကို စိုက်ထူထားကာ ယခုအခါ ကျပ် ၁၁၁ သိန်း ရပြီး ဖြစ်ကြောင်း၊ ထိုပဒေသာပင်မှ နှစ်စဉ်အကျိုးအမြတ် သိန်း ၄၀ခန့်ရရှိပါကြောင်း၊ အာစရိယပူဇော်ပွဲ ကုန်ကျ စရိတ်မှာ သိန်း ၅၀ ကျော်ဖြစ်၍ ပဒေသာပင် အလှူငွေသိန်း ၂၀၀ အမြန်ဆုံး ရရှိအောင် ကြိုးစားနေပါကြောင်း" ပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က ရှင်းပြပါ၏။

"အာစရိယပူဇော်ပွဲဖိတ်စာကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပေးပို့ကာ ဖိတ်မန္တကပြုကြောင်း၊ ကန်တော့ပွဲကျင်းပသည့်နေ့တွင် တာဝန်ခွဲ၍ ကားဖြင့် အိမ်တိုင်ရာရောက် သွားရောက်ကြိုဆိုကြသလို ပွဲပြီးပါကလည်း အိမ်တိုင်ရာရောက် ခလုတ်မထိဆူးမငြိဘဲ ပြန်လည် ပို့ဆောင်ပေးပါသည်"ဟု ခင်မမကြီးက ဆိုပါသည်။

"ကျွန်တော်တို့ကျောင်းသားဟောင်းတွေက အာစရိယပူဇော်ပွဲကျင်းပရုံမျှမက ကျန်းမာရေးစောင့်ရှောက်ရေး ငွေပဒေသာပင်၊ နာရေးကူညီမှု ငွေပဒေသာပင်များကိုလည်း သီးခြားစိုက်ထူထားရှိပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း" အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ကိုချစ်အောင်က ပြောပြ၏။

"၁၉၉၉ ခုနှစ်က အနှစ်(၄၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင် ထုတ်ဝေခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှစ၍ အာစရိယပူဇော်ပွဲသတင်းလွှာကို နှစ်စဉ် ထုတ်ဝေလျက်ရှိပါကြောင်း" အယ်ဒီတာ ကိုဆုတင်က အသိပေး၏။ သတင်းလွှာ အဆင့်အတန်းကလည်း အံ့မခန်းပင်။

"ပုဂံတွင် အထက(၁)အလှူ၊ရတနာမဏ္ဍုဘုရား ရှိပါကြောင်း၊ နှစ်စဉ် တပျော်တပါး သွားရောက်၍ ပူဇော်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း" ဂေါပကဥက္ကဋ္ဌ ကိုစိုးသန်းက ထပ်လောင်းပြောကြား၏။ သူကလည်း မခေ။ ကုမ္ပဏီကြီးတစ်ခု၏ အထွေထွေမန်နေဂျာကြီးတဲ့။

ဩော်...ကျောင်းသားဟောင်းတို့ ဆရာကောင်း တပည့်ပီသကြပါပေ၏။ စိတ်ထားမွန်မြတ်လှပေစွ။ သဒ္ဓါတရားထက်သန်လှပေစွ။ တာဝန်ကျေပွန်ကြပေစွ။ စည်းလုံးညီညွတ်ကြပေစွ။ သူငယ်ချင်း စိတ်ဓာတ်ဖြင့် မြောက်ဥက္ကလာပမြို့နယ် အထက(၁) မေတ္တာရိပ်တွင် အတူတကွ ခိုလှုံရင်း အားကြိုးမာန်တက် တက်တက်ကြွကြွ ဆောင်ရွက်နေကြသည်မှာ အားကျဖွယ်ကောင်းပေစွ။ ။

29-1 (15) 1 3/25/1905, 8:22 PM

မန္တလေးတိုင်းဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ဒဂုံမြို့နယ် ယောမင်းကြီးလမ်းနေ ဦးအောင်ခင်-ဒေါ်စန်းစန်းဦး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ကျောင်းအကျိုးဆောင်ဆရာတော်ဦးဇောတိက ပုညသုခကျောင်းတိုက် သရက်တော လမ်းမတော်မြို့နယ်၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံစဉ်။ (က-ပ)

## ကျောက်ကြီးမြို့၌ ရေတွင်းတိမ်ငါးတွင်း တူးဖော်ပြီးစီး

ကျောက်ကြီး ဒီဇင်ဘာ ၂၄

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်အရ ထိုက်ထူစုစည်းကျေးရွာတွင် ရေတွင်းတိမ်ငါးတွင်းကို ဒီဇင်ဘာ ဒုတိယပတ်၌ တူးဖော်ပြီးစီးခဲ့သည်။

အဆိုပါ ရေတွင်းများ တူးဖော်ပြီးစီးမှုနှင့် ရေရရှိမှုအခြေအနေတို့ကို ဒီဇင်ဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ)ဦးသိန်းဇော်ဦးတို့ ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ (၂၁၁)

ရန်ကုန်တိုင်း ဗိုလ်တထောင် မြို့နယ် (၄၁) လမ်း အမှတ် (၁၁/၁၅) နေ ဦးအောင်ခိုင်-ဒေါ်သင်းသင်းမိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်တစ်သိန်း ကို ပိဋကဆရာတော် ဘဒ္ဒန္တ စာရိန္ဒာသဘထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကျေးလက်ရေရရှိရေး မြစ်ကြီးနား၌ ဆောင်ရွက်

မြစ်ကြီးနား ဒီဇင်ဘာ ၂၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေ ပြည်သူများ ရေကောင်းရေသန့် ရရှိစေရေးအတွက် နှစ်စဉ် ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၂၅ရက်က ပန်းဥယျာဉ်ရေ/မီး တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးအောင်မျိုးသက်နှင့် ဝန်ထမ်းများသည် ၂၀၀၆-၂၀၀၇ ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြစ်ကြီးနားမြို့ ပြည်ထောင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူ ဆောင်ရွက်ပေးမှုလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အရာရှိ ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် စည်ပင်)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမတွင် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၉ရက်က ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက လူမှုထူးချွန် တတိယဆင့်ရသူ တစ်ဦးအား ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်စဉ်။ (၁၆၈)

## ရွှေဘိုမြို့ မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရွှေဘို ဇန်နဝါရီ ၁၅

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မင်္ဂလာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ရနာရီခွဲက ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ကြည်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းထွန်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူးဦးနီထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

**ဆောင်ရွက်**

အဆိုပါ မင်္ဂလာလမ်းမှာ အရှည်ပေ ၅၆၀၊ အကျယ် ၁၂ ပေဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၉၃၃၀၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၇၆၇၀၀၀ စုစုပေါင်း ငွေကျပ် ၁၇၀၀၀၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## ကွင်းဆင်းကြီးကြပ်

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်တံခါးမြို့ နှင်းဆီလမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးဟိန်းဇော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၂ရက်က အမှုဆောင် အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

## ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးသင်တန်း ယင်းမာပင်၌ ပို့ချ

ယင်းမာပင် ဇန်နဝါရီ ၂၀

မြို့နယ်အဆင့်ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးသင်တန်းကို ဇန်နဝါရီ ၁၄ရက် နံနက် ၁၀နာရီက ယင်းမာပင်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာခင်ခင်ထွန်းက ဆေးလိပ်၏ဆိုးကျိုးများ၊ ဆေးလိပ်ကင်းစင်ရေးအတွက် နိုင်ငံတော်၏ စီမံချက်တာဝန်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်တရားသူကြီး ဦးတင့်လွင်က ဆေးလိပ်အတွက် သတ်မှတ်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် လိုက်နာရမည့် စည်းကမ်းချက်များကိုရှင်းလင်းပြောကြားသည်။

သင်တန်းသို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြို့နယ်သတင်းများ

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အရာတော်မြို့နယ် ဝါးတန်းကျေးရွာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော နှစ်လက်မ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် ဝါးတန်းကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော အမှန်မြင်စာကြည့်တိုက်သို့ ကွန်ပျူတာလှူဒါန်း

လယ်ဝေး ဇန်နဝါရီ ၁၇

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု လယ်ဝေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အမှန်မြင်စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီတို့၏ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် အမှန်မြင်စာကြည့်တိုက်လေးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၆ရက် ညပိုင်းက မင်းပြင်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် အမှန်မြင်စာကြည့်တိုက်သို့ စေတနာရှင်၊ အလှူရှင်များက ကွန်ပျူတာနှစ်လုံးနှင့် ပရင်တာတစ်လုံး၊ မီးစက်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး စာရေးဆရာ မောင်မြင့်ကြွယ်(စာပေဗိမာန်) က "လူ့ဘဝတန်ဖိုး အကျိုးရှိစေဖို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်ဆန္ဒ(လယ်ဝေး)က "ကျွန်တော်အတွေးနဲ့ကျွန်တော်ရေးတဲ့စာ" ခေါင်းစဉ်ဖြင့်လည်းကောင်း သုတ၊ ရသစာပေ အဖြာဖြာတို့ကို ဟောပြောကြသည်။

**(မြို့နယ်စာနယ်ဇင်း)**

## အမည်ပြောင်း

ဦးလှဝင်း၏သား အထက(၆) မင်္ဂလာတောင်ညွန့်နေ Grade 10(A) မှ မောင်လှိုင်ဇင်ဝင်းအား မောင်ရဲရင့်ဝင်းဟူ၍လည်းကောင်း၊ Grade 8 (A) မှ မောင်လှိုင်ဖေယျာဝင်းအား မောင်ရဲမာန်ဝင်းဟူ၍ လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

**မောင်ရဲရင့်ဝင်း**
**မောင်ရဲမာန်ဝင်း။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)**

**မန္တလေးတိုင်းတရားရုံး**

**၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်–၉၁**

| | | |
|---|---|---|
| မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ | နှင့် | ၁။ ဦးခင်မောင်ဝင်း<br>၂။ ဒေါ်မြင့်မြင့်သန်း |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

၁။ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ် အကွက်(၁၃/ခ–ကန္တားရပ်) ဦးပိုင်(၂၆) မြေကွက်အမှတ် (၃/၆၄)ဧရိယာ ၀ ဒသမ ၀၄၅ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၀x၃၀)ပေရှိ နှစ်ထပ်တိုက်၊ (၂၀x၁၀)ပေရှိ နှစ်ထပ်တိုက်။

**ကြမ်းခင်းဈေး ကျပ်သိန်း(၆၀)။**

၂။ မိတ္ထီလာမြို့ အောင်ဇေယျာရပ်ရှိ အကွက်(၉/ည–မာတင်ပုလဲ)မြေကွက်အမှတ်(၄၅) ဧရိယာ ၀ဒသမ ၀၉၇ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ (၂၄x၂၀)ပေရှိ တစ်ထပ်တိုက်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၃၀)**

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**စီစီ**
**တွဲဖက်တိုင်းတရားသူကြီး(၅)**
**မန္တလေးတိုင်းတရားရုံး။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ကျောက်ဆည်တက္ကသိုလ်

## တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၅–၂၀၀၆ပညာသင်နှစ် ကျောက်ဆည်တက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ဘွဲ့ရ စာမေးပွဲအသီးသီးကို အောင်မြင်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ကျောက်ဆည်တက္ကသိုလ် တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၇–၂–၂၀၀၇)ရက်နေ့နှင့် (၁၈–၂–၂၀၀၇) ရက်နေ့များတွင် ဤတက္ကသိုလ်ပင်မ လေးထပ်ဆောင်ခန်းမ၌ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် သုံးကြိမ်ခွဲ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

**ဘွဲ့နှင်းသဘင်(၁၇–၂–၂၀၀၇)**
**ပထမပိုင်းအစီအစဉ်**
**နံနက် (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ**

| စဉ် | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|
| ၁။ | မဟာသုတေသနဘွဲ့ | (က) ဒဿနိကဗေဒ |
| | မဟာသိပ္ပံဘွဲ့ | (ခ) သင်္ချာ |
| | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (ဂ) ဘူမိဗေဒ |
| | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | |

**ဒုတိယပိုင်းအစီအစဉ်**
**မွန်းလွဲ (၁း၀၀)နာရီမှ (၄း၀၀)နာရီအထိ**

| စဉ် | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|
| ၁။ | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (က) အင်္ဂလိပ်စာ |
| | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (ခ) သမိုင်း |
| | | (ဂ) ဓာတုဗေဒ |
| | | (ဃ) သတ္တဗေဒ |

**ဘွဲ့နှင်းသဘင်( ၁၈–၂–၂၀၀၇)**
**တတိယပိုင်းအစီအစဉ်**
**နံနက် (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ**

| စဉ် | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|
| ၁။ | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (က) မြန်မာစာ |
| | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (ခ) ပထဝီဝင် |
| | | (ဂ) ရူပဗေဒ |
| | | (ဃ) ရုက္ခဗေဒ |

**ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်းအစီအစဉ်**
**အစမ်းလေ့ကျင့်ရက် (၁၆–၂–၂၀၀၇)ရက်နေ့**

| | |
|---|---|
| ပထမပိုင်းအစီအစဉ် | – နံနက် (၀၉း၀၀)နာရီမှ (၁၁း၀၀) နာရီထိ |
| ဒုတိယပိုင်းအစီအစဉ် | – နံနက် (၁၁း၀၀)နာရီမှ (၁း၀၀) နာရီထိ |
| တတိယပိုင်းအစီအစဉ် | – မွန်းလွဲ (၂း၀၀)နာရီမှ (၄း၀၀) နာရီထိ |

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

| ဘွဲ့နှင်းသဘင်ကျင်းပရက် | ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများ ထုတ်ပေးမည့်ရက် | တက်ရောက်ခွင့်ပြုလက်မှတ် ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက် |
|---|---|---|
| (၁၇–၂–၂၀၀၇)မှ (၁၈–၂–၂၀၀၇)ရက်ထိ | (၁၄–၂–၂၀၀၇)မှ (၁၆–၂–၂၀၀၇)ရက်ထိ | (၁၆–၂–၂၀၀၇) |

**မှတ်ချက်။ ။** တက်ရောက်ခွင့်လက်မှတ်နှင့်ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲ အခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲအခမ်းအနားများတွင် ဘွဲ့တက်ရောက် ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ကြရပါမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမပြုပါက သက်ဆိုင်ရာ အခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

**အေးမြစမ်းကြည်**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ကျောက်ဆည်တက္ကသိုလ်။**

## မိုးဆန်းပန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**တောင်သာ ဇန်နဝါရီ ၂၀**

တောင်သာမြို့နယ် လှည်းပွဲကုန်းကျေးရွာအုပ်စု အိုင့်မဒေါင့်ကျေးရွာ မိုးဆန်းပန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့်ရုပ်မြင်သံကြားဖမ်းစက်၊ စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇန်နဝါရီ ၁၁ ရက်က စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

စာကြည့်တိုက်အဆောက်အအုံကိုအလှူရှင်ဦးသိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးနေဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် အလှူရှင် ဦးသိန်းက မိုးဆန်းပန်းစာကြည့်တိုက် အဆောက်အအုံသစ်နှင့် ရုပ်မြင်သံကြားကိုလည်းကောင်း၊ ဦးဝင်းထိန်က ပဒေသာပင်ငွေကျပ်၅၀၀၀ ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးနေဝင်းက သုတ၊ ရသစာအုပ်၁၀၀ကို လည်းကောင်း လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## စေတီရံများအတွက် ဆက်သွယ်လှူဒါန်းနိုင်

**မြန်အောင် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက်တွင် မြန်အောင်သမ္ဗုဒ္ဓေ ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ တည်ထားပူဇော်နေရာ ရုပ်ပွားတော်အဆူ (၅၀၀)ပါ ဗုဒ္ဓ (၁၀၈) ဆူ စေတီရံများ၊ ဓမ္မ (၁၀၈) ဆူစေတီရံများ တည်ထားပြီးမြောက်၍ သံဃာ (၁၀၈)ဆူ စေတီရံတို့တွင် (၆၅)ဆူ အလှူရှင်ရရှိပြီး ကျန်(၄၃)ဆူတွင် တစ်ဆူလျှင် ငွေကျပ် တစ်သိန်းဖြင့် ရန်ကုန် မြန်အောင် သမ္ဗုဒ္ဓေ အကျိုးဆောင် ဖုန်း–၀၁–၃၈၄၆၁၈နှင့် မြန်အောင် သမ္ဗုဒ္ဓေ သာသနာပြုဆရာတော် ဖုန်း–၀၄၄–၅၀၁၇၈ တို့သို့ ဆက်သွယ်၍ မိသားစုကမ္ပည်းကျောက်စာထိုး လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

**မွန်ပြည်နယ် မုဒုံမြို့၏ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင်ကန်ကြီးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် မုဒုံဇာတိ ရန်ကုန်မြို့ ဒဂုံမြို့နယ် (ပြည်အရှေ့ရပ်ကွက်) စမုံလမ်း အမှတ် (၁၀/က)နေ ဦးမောင်စိန်အား ရည်စူး၍ ဇနီးဖြစ်သူဒေါ်တင်မေ မိသားစုက အလှူငွေကျပ် ၁၀၀၁၁၀၀၀ကို ဂေါပကဥက္ကဋ္ဌဦးပါလေးထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## မလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## စာပေဟောပြောပွဲ ပြည်မြို့၌ကျင်းပ

**ပြည် ဇန်နဝါရီ ၂၄**

ဆရာဦးစိန်ခိုဆေးတိုက်နှင့် ဆရာဦးစိန်ခိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစုတို့က ပထမအကြိမ် ဦးစီးကျင်းပသည့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၂ရက် ည ၈နာရီက ပြည်မြို့ ခေတ္တရာပြည်သူ့ခန်းမ၌ကျင်းပသည့် စာပေဟောပြောပွဲတွင် ပြည်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)အလုပ်အမှုဆောင် ပဲခူးတိုင်းတာဝန်ခံ တိုင်းရင်းဆေးသမားတော်ကြီး ဦးသီရိဘုန်းထွဋ်က သတ္တဝါတို့၏ ရောဂါဖြစ်ခြင်းအကြောင်းရင်းနှင့် ခေတ်ပေါ်ရောဂါဆိုးများအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာမောင်လွမ်းနွယ်(အောင်လံ)က လူတစ်ယောက် ဘဝတခု စာအုပ်တစ်အုပ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ချစ်ဦးညိုက အနုပညာဖန်တီးသူနှင့် အနုပညာခံစားသူခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ ပြည်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာမယဉ်ဝေလွင်(ပြည်) ဦးစိန်ခိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုက ပူဇော်ငွေနှင့်ပစ္စည်းများကို စာရေးဆရာကြီးများအား လှူဒါန်းကြသည်။ **(အပေါ်ပုံ) (၄၀၃)**

## ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာနိဗ္ဗာန်ရွှေဂူတောရ ရိပ်သာ ပဓာန နာယက ဇေယျဝတီဆရာတော်ဘဒ္ဒန္တ သောဘန(စမ္မာစရိယ B.A)သည် တောင်ငူခရိုင် ဇေယျဝတီမြို့ ဓမ္မာရုံကျောင်းတိုက်၌ ဇန်နဝါရီ၂၀ရက်မှ ၃၀ရက်အထိလည်းကောင်း၊ မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ်ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲအမှတ်(၁၂၉)၌ ဖေဖော်ဝါရီ ၁၀ရက်မှ ၁၆ရက်အထိလည်းကောင်း၊ လှိုင်ကော်မြို့၌ မတ် ၄ရက်မှ ၁၃ရက်အထိလည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

**ညောင်တုန်းမြို့နယ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ရက်က ညောင်တုန်း အထက(၁)အားကစားကွင်း၌ ကျင်းပရာ ပညာရေးနယ်မြေအလိုက် အမှတ်အများဆုံးဖြင့် ကျား၊ မ တံခွန်စိုက်ဆုရ နယ်မြေ (၁၁) ကျောင်းမိသားစု အသင်းအား မြို့နယ်ပညာရေးမှူး ကိုယ်စား အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရီနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးလှိုင်တို့က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။** (၀၉၈)

**တိုက်ကြီးမြို့ မြို့မ အမက(၈) ကျောင်းသားစုံညီပွဲတော်နှင့် ဆုပေးပွဲကို ဇန်နဝါရီ၉ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမဆုရကျောင်းသူ မမြတ်ဆုဝေဖြိုးအား ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးမင်းထိုက်က ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ပြည်ထောင်စုကြီးရေရှည်တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ် အဓိကဖြစ်
# ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်အောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မြဲနေရန်လို
# ပြည်ထောင်စုနေ့အခမ်းအနား နိုင်ငံရေးအနှစ်သာရရှိရှိကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အစီအစဉ်များကို တင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယ အကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

# မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်
# တပ်နယ်အလိုက် မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမွေးမြူ
# ခြံစည်းရိုးကြက်ဆူပင်များ လျာထားချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုး

**ရန်ကုန် ဇန်နဝါရီ ၂၈**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် မှော်ဘီ တပ်နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး၍ တပ်နယ်အလိုက် ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ တိရစ္ဆာန်များ မွေးမြူဆောင်ရွက်ထားရှိမှု၊ စားသုံးသီးနှံများစိုက်ပျိုးထားမှု၊ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်း၊ အောင်မြင်ဖြစ်ထွန်းပြီး အသီးများ သီးပွင့်နေသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၊ ငရုတ်ကောင်းပင်စိုက်ခင်းနှင့် ရော်ဘာပင်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် တပ်ရင်းမှူးများက လိုက်လံရှင်းလင်း ပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တပ်ရင်းတပ်ဖွဲ့အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❐

## ကြက်ဆူပင်စိုက်ခင်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှော်ဘီ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၏ ကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)